# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (27-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၄)နှစ်မြောက် အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား ကျင်းပ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်






**ရန်ကုန် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၄)နှစ်မြောက် အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon ဟိုတယ် အမရပူရခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁**

## SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၁၈ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး **စာမျက်နှာ ၁၇ ကော်လံ ၁**

**မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး**


ဆောင်းပါး စာမျက်နှာ - ၁၀

**ရောဝတီမြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်း သုံးခု၌ နိုဝင်ဘာလတွင် မြစ်ကြောင်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်မည်**

စာမျက်နှာ - ၂

**အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာနီးနောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ - ၁၉






ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

စက်တင်ဘာ ၂၇ ရက်(ယနေ့)သည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ က အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အခြားအဖွဲ့ဝင်များနည်းတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်ကို တွေ့ရသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စီးပွားရေးတိုးတက်ရန် မောင်းနှင်အားတစ်ရပ်အဖြစ် မြှင့်တင်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများနှင့် အသိပညာများ တိုးတက်ပြန့်ပွားရေးလုပ်ငန်းစဉ်များကိုလည်း ဦးဆောင်ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး"ဖြစ်သည်။ ရေရှည်ကောင်းမွန်မှုတသည့် စီးပွားရေးတိုးတက်မှုဖော်ဆောင်ခြင်းကို အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၊ အစိမ်းရောင်စီးပွားရေးဟု ခေါ်ဆိုကြသည်။ အစိမ်းရောင်စီးပွားရေးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများကို ဆောင်ကြဉ်းလာမည့်ပုံစံဖြစ်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်နိုင်မည့်အခွင့်အလမ်းကောင်းများစွာရှိနေသည်။ ထို့ကြောင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၊ အစိမ်းရောင်စီးပွားရေးလမ်းကြောင်းများကို ရွေးချယ်ကြရမည်ဖြစ်သည်။ ထိုလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ညစ်ညမ်းမှုကင်းစင်ရေး၊ ဓာတုဓာတ်ငွေ့သုံးစွဲမှုလျှော့ချရေးတို့သည် မဖြစ်မနေလုပ်ဆောင်ကြရမည့်အချက်များပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သာယာလှပသည့်တောတောင်ရှုမျှော်ခင်းများ၊ ရေမြေသဘာဝသယံဇာတများ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ အလွန်လှပသော ရေမြေတောတောင်ရှုခင်းများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့များသည် ကမ္ဘာလှည့်ခရီးသွားတို့၏ စိတ်ဝင်စားဖွယ်ရာများဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင်လည်း ခရီးသွားဧည့်သည်များ စိတ်ဝင်စားဖွယ်ရာနေရာများရှိပေသည်။ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်လေလေ၊ နိုင်ငံဝင်ငွေတိုးပွားလာလေလေဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်ခဲ့ရသော ခရီးသွားလုပ်ငန်းများသည် ယခုအခါ ပြန်လည်နိုးထလာပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ပြန်လည်နိုးထလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိမ်းရောင်ရင်းနှီးမှုများကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် အကျိုးအမြတ်များသော မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ခရီးသွားလုပ်ငန်းကို ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်စေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ရှားပါးတိုင်းရင်းငါးမျိုးများ စမ်းသပ်သားဖောက်ထားမှု အောင်မြင်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ရှားပါးတိုင်းရင်းငါးမျိုးများ မျိုးသုဉ်းမသွားစေရန်အတွက် စမ်းသပ်သားဖောက်ထားမှု အောင်မြင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ရှားပါးတိုင်းရင်းငါးမျိုးစိတ်များဖြစ်သော ငါးသိုင်း၊ ငါးဖန်းမ၊ ငါးနက်ပြာ၊ ငါးနုသန်း၊ ငါးပတ် စသည့်ငါးမျိုးများ မျိုးသုဉ်းမသွားစေရန်အတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးထားကြောင်း၊ ရှားပါးလာသည့် ရေချိုငါးမျိုးစိတ် တိုင်းရင်းငါးမျိုးများကို ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှစ၍ စမ်းသပ်သားဖောက်ခဲ့ရာ ရာနှုန်းပြည့် အောင်မြင်နေပြီဖြစ်ကြောင်း၊ အဆိုပါ ရှားပါးငါးမျိုးများ ပေါများလာပါက မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ ရှားပါးလာတဲ့ တိုင်းရင်းငါးမျိုးစိတ်တွေကို စမ်းသပ်သုတေသနပြု မွေးမြူပြီးတော့ သားဖောက်ပေးနေပါတယ်။ သားဖောက်ခဲ့တာမှာလဲ ရာနှုန်းပြည့် အောင်မြင်ခဲ့ပါတယ်။ အခုဘဏ္ဍာနှစ်မှာလဲ ငါးမြင်းနဲ့ ငါးလူးကို ဆက်လက်ပြီးတော့ စမ်းသပ်သားဖောက်သွားမှာပါ။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးတွေ စဉ်ဆက်မပြတ် ဖမ်းဆီးစားသောက်နိုင်ဖို့အတွက်ပါ။ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့ပါ။ ဒေသခံရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့ပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုတ်၊ ငါးကြင်းဖြူ၊ တီလားပီးယားငါးမျိုးများကို သားဖောက်ထုတ်လုပ်နေကြောင်း၊ ထို့ပြင် တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးသိုင်း၊ ငါးဖန်းမ၊ ငါးနက်ပြာ၊ ငါးနုသန်း၊ ငါးပတ် စသည့် ရှားပါးငါးမျိုးများကိုလည်း မျိုးထိန်းသိမ်းသည့်အနေဖြင့် မွေးမြူသားဖောက်ထားရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းသုံးခု၌ နိုဝင်ဘာလတွင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၂၆**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းသုံးခု၌ လာမည့်နိုဝင်ဘာလတွင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်ကြောင်းတိုင်းတာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေများချိန်ဖြစ်သည့်အတွက် ရေယာဉ်များသွားလာရာတွင် အဆင်ပြေလျက်ရှိသော်လည်း လာမည့်နိုဝင်ဘာလမှစ၍ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း၊ မြစ်ရေနည်းချိန်ကာလတွင် သောင်ထွန်းမှုများ စတင်ဖြစ်ပေါ်မည်ဖြစ်သောကြောင့် ရေယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဧရာဝတီမြစ်အတွင်း မြစ်ကြောင်းတိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေနည်းချိန်ကာလကို ပြန်ရောက်လာတော့မှာဖြစ်တာကြောင့် ရေယာဉ်တွေသွားလာရာမှာ ရေကြောင်းကျပ်တည်းပြီး သောင်အများဆုံးဖြစ်ထွန်းနိုင်တဲ့နေရာတွေကိုသိရှိအောင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေ လာမည့်နိုဝင်ဘာလထဲမှာ လုပ်ဆောင်သွားမှာပါ"ဟု ဦးသိန်းခိုင်ဝင်းက ပြောပြသည်။

လာမည့် နိုဝင်ဘာလတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်မည့် ရေလမ်းကြောင်းသုံးခုမှာ မန္တလေးမြို့ ရေလမ်းကြောင်း၊ တံတားဦးမြို့နယ် လက်ဆောင်ယူရေလမ်းကြောင်း၊ ညောင်ဦးရေလမ်းကြောင်းတို့ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းသုံးခုကို တိုင်းတာတဲ့လုပ်ငန်းမှာ အဓိက ကတော့ ရေကျချိန်မှာ ဘယ်နေရာတွေမှာ သောင်အများဆုံးဖြစ်ထွန်းနိုင်တယ်။ ရေအနက်နည်းတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲဆိုပြီး ကြိုတင်သိရအောင်လို့ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ"ဟု ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး ဈေးကွက်အတွင်း နောင်ချိုဘက်မှ ထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦးနှင့် နောင်ချိုဘက်မှ ထွက်ရှိသည့်အာလူးများ အများဆုံး အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ ကုန်စည်လက်ကျန်နည်းပါးလာ၍ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"နောင်ချိုဘက်ကထွက်တဲ့ အရည်အသွေးကောင်းတဲ့အာလူးတွေ မန္တလေးဈေးကွက်အတွင်းမှာ လက်ကျန် နည်းလာတာကြောင့် ဈေးကောင်းပြန်ရလာတယ်။ အခုလောလောဆယ်ကတော့ အာလူးဈေးကွက်က အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ ပြည်တွင်းက ထွက်ရှိတဲ့အာလူးတွေ အရောင်းအဝယ် ဒီထက်ပိုကောင်းလာနိုင်ပြီး ဈေးကောင်းလဲပိုရလာနိုင်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နောင်ချိုဘက်မှ ထွက်ရှိသည့် အာလူးဈေးနှုန်းမှာ စက်တင်ဘာလ ဒုတိယပတ်က တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် နောင်ချိုဘက်မှထွက်ရှိသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းပြားမြို့နယ် ကံရွာကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းပြား စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန် ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကံရွာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကံရွာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မင်းပြားမြို့နယ် ကံရွာကျေးရွာ၌ အရှည်ပေ ၅၁၀၊ အကျယ် သုံးပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ငါ့တရော်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဓဝနအား ဦးထိပ်ထား၍ ဦးသန်းရွှေ-ဒေါ်ညွန့်ရှိမိသားစုက ဆွမ်း၊ ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ နှင့် Oxygen Concentrator တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၅၀၈၂၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၅၀၈၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၆၇၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလကုန်ပိုင်းမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ဧက ၅၀၈၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း၊ ပဲမျိုးစုံ ဧက ၅၀၈၂၀ တွင် ပဲတီစိမ်း ၄၅၅၈၂ ဧက၊ ပဲစင်းငုံဧက ၂၇၉၀ နှင့်အခြားပဲများ ၂၄၄၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပဲမျိုးစုံဧက ၅၀၈၂၀ စိုက်ပျိုးပြီးစီးပါပြီ။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အခြားပဲတွေ စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ တောင်သူတွေအနေနဲ့ကလဲ မိုးရွာသွန်းတဲ့အပေါ် မူတည်ပြီး စိုက်ပျိုးနေကြပါတယ်။ တောင်သူတွေ မိုးသီးနှံစနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့အတွက်လဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်။ ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အဓိကဦးစားပေးပြီး တောင်သူတွေကို စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ပေးပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံရုံမက ပြည်ပတင်ပို့တဲ့အခါမှာလဲ ဈေးကောင်းရရှိတဲ့ သီးနှံတွေဖြစ်အောင် ဆောင်ရွက်ပေးပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ပဲတီစိမ်းဧက ၅၀၀၀၀၊ ပဲစင်းငုံဧက ၄၀၀၀ နှင့် အခြားပဲ ၂၇၅၇ ဧကဖြစ်ကြောင်း သိရသည်။ (၁၈၅)

# ရပ်စောက်မြို့နယ် ပိန္နဲပင်(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု ပိန္နဲပင်(ရွာသစ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပိန္နဲပင်(ရွာသစ်) ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲပင်(ရွာသစ်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ငွေကျပ် ၃၂၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**

# တောင်သာမြို့နယ် အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုတို့ဖြင့် အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်သာမြို့နယ် အိုးဘိုကျေးရွာ၌ အရှည် ၆၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၅ ဒသမ ၉၇ သန်း၊ လုပ်အားထည့်ဝင်မှုနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၄ အိမ်၊ လူ ၃၆၉ ဦးတို့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သက်မာ**



# သရေခေတ္တရာ ဘာသာရေးအဆောက်အအုံများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံ၏ သမိုင်းစဉ်သည် အကြမ်းအားဖြင့် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ကုန်ထိ မှတ်တမ်းရှိခဲ့ပြီး ဖြစ်သည်။ သို့သော် ပျူခေတ်နှင့် ပုဂံခေတ်ကြားတွင် သမိုင်းဆက်ပြတ်နေသဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပျူခေတ်နှင့် ပုဂံခေတ်အကူးအပြောင်းကာလ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းကွင်းဆက်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။ ၂၀၁၇ ခုနှစ် မတ်လတွင် ပျူပုဂံကွင်းဆက်အထောက်အကူပြု သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပြီး နောက်ပိုင်း စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသောသမိုင်းစဉ်ကို ရေးသားပြုစုနိုင်ရန် ပျူခေတ်ဆိုင်ရာ သုတေသနအထောက်အထားအချက်အလက် ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့သည်။

သမိုင်းသည် လူသားများဖြတ်သန်းခဲ့ကြသည့် မှတ်တမ်းဖြစ်ပြီး ပညာရှင်များက သမိုင်းကိုဖော်ထုတ်ရာတွင် ယေဘုယျအားဖြင့် သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဟု ခွဲခြားကြသည်။ စာပေအရေးအသားမပေါ်ထွန်းသေးသည့်ကာလကို သမိုင်းမတင်မီခေတ်ဟုလည်းကောင်း၊ စာပေအရေးအသားပေါ်ထွန်းပြီးနောက်ပိုင်းကို သမိုင်းတင်ခေတ်ဟုလည်းကောင်း သတ်မှတ်ခဲ့ကြသည်။

သမိုင်းတင်ခေတ်ကိုဖော်ထုတ်ရာတွင် ကျောက်စာ၊ ပေစာ၊ အိုးစာ၊ မင်စာ စသည်ဖြင့် စာလုံးအက္ခရာများဖြင့် ရေးထိုးထားသည့် ရုပ်ဝတ္ထုပစ္စည်းများမှ အထောက်အထားများကို ကောက်ချက်ဆွဲကြရသည်။ သမိုင်းကိုဖော်ထုတ်ရာတွင် စာပေအရေးအသားတစ်ခုတည်းကိုသာ အားကိုးခြင်းမပြုဘဲ မြေပေါ်မြေအောက်တည်ရှိနေသည့် ရှေးဟောင်းရုပ်ဝတ္ထုများကိုပါရှာဖွေ၍ သမိုင်းကွင်းဆက်ကို ဆက်စပ်ဖော်ထုတ်ကြသည်။

ပညာရှင်များက ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်ကိုထူထောင်ခဲ့သည့် အနော်ရထာမင်းကြီး နန်းတက်နှစ်ကို ခရစ်နှစ် ၁၀၄၄ ခုနှစ်ဟု လက်ခံကြသည်။ အနော်ရထာမင်းမတိုင်မီ ပုဂံတွင် နန်းစိုက်ခဲ့သည့် ဘုရင်များရှိခဲ့ပြီး ခရစ်နှစ် ၈၄၆ ခုနှစ်တွင် ပျဉ်ပြားမင်းက ပုဂံကိုတည်ထောင်ခဲ့သည်ဟု ယူဆကြသော်လည်း ခိုင်မာသောအထောက်အထားများကို ဆက်လက်ဖော်ထုတ်နေကြဆဲဖြစ်သည်။

ပုဂံခေတ်မတိုင်မီက မြန်မာနိုင်ငံအတွင်း၌ ပျူယဉ်ကျေးမှုနှင့် ပျူမြို့ပြများထွန်းကားခဲ့ကြောင်း မြေပေါ်မြေအောက်အထောက်အထားများက သက်သေပြလျက်ရှိသည်။ သို့သော် ပျူနှင့်ပုဂံခေတ်သို့ကူးပြောင်းခဲ့သည့် သမိုင်းကွင်းဆက်ကိုဖော်ထုတ်ရန်လိုအပ်လျက်ရှိနေသေးပေသည်။

**သရေခေတ္တရာ၏ သမိုင်းနောက်ခံ**

မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၁၀၁ နှစ် (ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်)တွင် တည်ထောင်ခဲ့ကြောင်း၊ ဒွတ္တပေါင်မင်းမှစ၍ မင်းစဉ်မင်းဆက်အုပ်စိုးခဲ့ကြပြီး သုပညာနာဂရဆိန္နမင်းလက်ထက်တွင် ပျက်စီးခဲ့ကြောင်း ရေးသားကြကာ သရေခေတ္တရာသမိုင်းသည် နှုတ်ပြောစကားများနှင့်ရောထွေးနေခဲ့သည်။

တူးဖော်မှုအထောက်အထားများအရ သရေခေတ္တရာကို ခရစ်တော်မပေါ်မီ နှစ်ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့ကာ အေဒီ တစ်ရာစုမှ ကိုးရာစုကြား၌ ထွန်းကားခဲ့သည်ဟု အဖြေထွက်ရှိကြောင်းနှင့် ဒွတ္တဘောင်(တွဲဖုံး)သည် လူပုဂ္ဂိုလ်တစ်ဦး၏ အမည်မဟုတ်ဘဲ မင်းကြီးဟုရည်ညွှန်းသည့် ဂုဏ်ပုဒ်တစ်ခုဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ဖော်ထုတ်ခဲ့သည်။

သရေခေတ္တရာမြို့ရိုးသည် သဘာဝဘေးဒဏ်နှင့် လူများ၏ ဆောင်ရွက်ချက်အမျိုးမျိုးကြောင့် ပျက်စီးမှုများရှိခဲ့သော်လည်း အချို့နေရာများတွင် ၁၅ ပေကျော်မြင့်၍ ၁၇ ပေခန့်အကျယ် ကျန်ရှိနေသည်။ ပျူများသည် သရေခေတ္တရာကို တောင်ဘက်နှင့် အနောက်ဘက်တွင် မြို့ရိုးနှစ်ထပ်၊ အရှေ့တောင်ဘက်တွင် မြို့ရိုးသုံးထပ်တည်ဆောက်ကာ ပြင်ပရန်သူများအန္တရာယ်မှ ကာကွယ်ရန်စီမံခဲ့ကြသည်။

မြန်မာရာဇဝင်များတွင် သရေခေတ္တရာ၌ တံခါးကြီး ၃၂ ပေါက်၊ တံခါးငယ် ၃၃ ပေါက်ရှိခဲ့ကြောင်း ရေးသားကြသော်လည်း တူးဖော်မှုရလဒ်များအရ မြို့ဟောင်းအရှေ့ဘက်တွင် မုဒ္ဒောနှင့် တွင်းဖြဲပေါက်၊ အနောက်ဘက်တွင် ရွှေတံခါးပေါက်နှင့် မုတ်ရှည်ပေါက်၊ တောင်ဘက်တွင် ရဟန္တာပေါက်၊ ဘီလူးမပေါက်နှင့် သာယာဝတီပေါက်၊ မြောက်ဘက်တွင် နတ်ပေါက်နှင့် နဂါးတွန့်ပေါက်ဟူ၍ မြို့ဝင်ပေါက်ကိုးပေါက်သာ တွေ့ရှိရသည်။

**သရေခေတ္တရာဘာသာရေးအဆောက်အအုံများ**

သရေခေတ္တရာကို လေ့လာမှုများပြုခဲ့ရာတွင် အခြားပျူမြို့ဟောင်းများနည်းတူ ဘာသာရေးအဆောက်အအုံများကို တွေ့ရှိခဲ့သည်။

ဘာသာရေးအဆောက်အအုံတစ်မျိုးဖြစ်သည့် စေတီပုထိုးများကို အကြမ်းအားဖြင့် ထူပါခေါ် စေတီလုံးနှင့် ဂူဘုရားဟု နှစ်မျိုးခွဲခြားနိုင်သည်။ မြန်မာအဘိဓာန်တွင် ထူပါကို စေတီ၊ ပုထိုးဟုလည်းကောင်း၊ ဂူဘုရားကို ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သောဘုရားဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထူပါခေါ် စေတီလုံးသည် လုံးပြည့်အပိတ်တည်ဆောက်ထားသည့် လိုဏ်မပါရှိသောစေတီဖြစ်ပြီး ဂူဘုရားသည် အောက်ပိုင်း၌ ဂန္ဓကုဋိ သို့မဟုတ် လေးထောင့်ကုလားကျောင်းခံကာ အထက်တွင် စေတီလုံး၊ သို့မဟုတ် ပစ္စယာပေါ်တွင် ကွမ်းတောင်ပေါက်ထားသော အဆောက်အအုံဖြစ်သည်။

သရေခေတ္တရာတွင် တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများတွင် စေတီလုံးနှင့် ဂူဘုရားများကို အထင်ရှားဆုံးမြင်တွေ့ရသည်။ ၎င်းလက်ရာများသည် ပျူခေတ်နောက်ပိုင်း ပုဂံခေတ်တွင် တည်ဆောက်ခဲ့သည့် ဗိသုကာလက်ရာများ၏ ရှေ့ပြေးပုံစံ(Proto Type)များဖြစ်လာခဲ့သည်။

သရေခေတ္တရာမြို့ရိုးအပြင်၌ ရှေးဟောင်းစေတီလုံးသုံးဆူသည် တြိဂံပုံအနေအထားတည်ရှိနေကြသည်။ မြို့ဟောင်း၏တောင်ဘက်တွင် ဘောဘောကြီးစေတီ၊ အနောက်မြောက်ဘက်တွင် ဘုရားကြီးစေတီနှင့်အရှေ့မြောက်ဘက်တွင် ဘုရားမာစေတီတည်ရှိပြီး သရေခေတ္တရာမြို့ရိုးတံတိုင်းအတွင်း၌ ၎င်းစေတီများကဲ့သို့ ထုထည်ကြီးမားသော စေတီလုံးများကို မတွေ့ရချေ။

စေတီလုံး(Stupa)သည် အပေါ်သို့ စုတက်သွားသည့် အပိတ်အဆောက်အအုံဖြစ်ကာ ဂူဘုရား (Temple)သည် စေတီတော်၏အောက်တွင် လူများဝင်ထွက်နားခိုနိုင်သည့်ခန်းမဆောင်ပါရှိသည့် အဆောက်အအုံဖြစ်သည်။ ၎င်းခန်းမကို ဂူဟုတင်စားကာ ဂူဘုရားဟုခေါ်ဆိုကြခြင်းဖြစ်သည်။

သရေခေတ္တရာရှိ စေတီလုံးသုံးဆူအနက် ဘောဘောကြီးစေတီသည် အခြေမှထိပ်သို့ တစ်ဖြောင့်တည်းတက်နေသည့်ထုလုံးရှည်ပုံသဏ္ဌာန်ဖြစ်၍ ဘုရားကြီးနှင့် ဘုရားမာတို့သည် ထိပ်ပိုင်းသို့ရှူးသွားသည့် တောင်ပုံသဏ္ဌာန်ဖြစ်သည်။

အေဒီလေးရာစုမှ ခုနစ်ရာစုအတွင်း တည်ထားခဲ့သော ပျူခေတ်လယ်လက်ရာ ဘုရားကြီးစေတီသည် ဉာဏ်တော် ၁၃၉ ပေ၊ လုံးပတ် ၃၀၇ ပေရှိပြီး ယခင်က အေးဆေးစေတီဟုလည်းကောင်း၊ မဟာစေတီဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသည်။ စေတီတော်၏ ပစ္စယာလေးဆင့်တွင် ၁၆ ထောင့်ရှိသည့် ပစ္စယာသုံးဆင့်နှင့် အဝိုင်းပုံပစ္စယာတစ်ဆင့်ရှိသည်။ ဘုရားကြီးစေတီတော်အနီးမှ ကျောက်အရိုးအိုးလေးလုံးနှင့် မြေအရိုးအိုးတစ်လုံးတို့ကို ၁၉၁၂ ခုနှစ်က တူးဖော်ရရှိခဲ့ရာ ကျောက်အရိုးအိုးများတွင် ဟရိဝိကြမမင်း၊ သိဟဝိကြမမင်း၊ သူရိယဝိကြမမင်း အမည်များကို ရေးထိုးထားသည်။



ပြည်-ပေါက်ခေါင်း ကားလမ်းဘေးရှိ ဘုရားမာစေတီ။

ဘောဘောကြီးစေတီသည် ဉာဏ်တော် ၁၅၃ ပေမြင့်၍ သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်မြို့ရိုးအနီးတွင်တည်ရှိပြီး သရေခေတ္တရာစေတီလုံး သုံးဆူအနက် ရှေးအကျဆုံးဖြစ်သည်။ ပစ္စယာငါးဆင့်ပေါ်ရှိ ပေ ၂၄၀ ကျယ်သော စက်ဝိုင်းပုံပစ္စယာပေါ်၌ ဘောဘောကြီးကို ပြောင်းတိုင်သဖွယ်တစ်ဖြောင့်တည်း မတ်မတ်တည်ထားသည်။ ဘောဘောကြီးစေတီတွင် မူလက အတွင်းလိုဏ်ပါရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပိတ်ခဲ့သည်။

ဘောဘောကြီးသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဆာနတ်ရှိ ဓမ္မိက်စေတီနှင့်ပုံစံတူပြီး ပညာရှင်များက ဘောဘောကြီးကို အေဒီခြောက်ရာစုနှင့် ခုနစ်ရာစုတွင် တည်ထားခဲ့သည်ဟု ယူဆကြသည်။ စေတီ၏ ထုလုံးရှည်ပုံစံကို အိန္ဒိယနိုင်ငံတွင် အေဒီ တစ်ရာစုနှင့် နှစ်ရာစုအတွင်းတည်ခဲ့သည့် စက်ဝိုင်းခြမ်းပုံ ဆန်ချီနှင့် အမရဝတီပုံစံများနှင့် နှိုင်းယှဉ်ကြသည်။

ဘုရားမာစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ပြည်-ပေါက်ခေါင်း ကားလမ်းဘေး ကုန်းရိုးတွင်းပြည့်ကျေးရွာအနီးတွင် တည်ရှိသည်။ စေတီတော်၏ပုံသဏ္ဌာန်သည် အခြေတွင်ပြောင်းရှည်ပုံရှိ၍ အပေါ်သို့ တောင်ပုံသဏ္ဌာန်ခုံးတက်သွားသည်။ ဘုရားမာတွင် ပစ္စယာလေးဆင့်ပါရှိပြီး ထောင့် ၁၆ ခုပါဝင်သည့် ပစ္စယာသုံးဆင့်နှင့် အဝိုင်းပုံထိပ်ပစ္စယာတို့ဖြစ်၍ ဉာဏ်တော်အမြင့် ၁၃၈ ပေ၊ လုံးပတ် ၃၁၆ ပေရှိသဖြင့် ဘုရားကြီးနှင့်အရွယ်တူသည်ဟု ဆိုနိုင်သည်။

အေဒီ လေးရာစုနှင့် ခုနစ်ရာစုအတွင်း တည်ထားခဲ့သည့် ဘုရားမာစေတီကို ဒွတ္တဘောင်မင်းကြီးတည်ခဲ့သည်ဟုဆိုကြပြီး ရှေးက သရိုင်မာဟု ခေါ်ခဲ့သည်။ ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် ဘုရားမာအနီးမှ ၁၁ လက်မအရွယ် ခေါင်းလောင်းတစ်ခုနှင့် ကမ္ဘာကျော် ပျူကချေသည်ရုပ်ငါးရုပ်ကို ရရှိခဲ့သည်။

**ဂူဘုရားများ**

သရေခေတ္တရာမြို့ဟောင်းရှိ စေတီများအနက် ဘုရားထောင်၊ အရှေ့ဈေးဂူ၊ ဘဲဘဲဂူ၊ လေးမျက်နှာ၊ ရဟန္တာဂူတို့ကို ပုဂံခေတ်ဂူဘုရားများ၏ ရှေ့ပြေးလက်ရာများဟု ယူဆကြသည်။ ၎င်းတို့အနက် ဘဲဘဲဂူ၊ လေးမျက်နှာ၊ ရဟန္တာဂူ၊ အရှေ့ဈေးဂူတို့ကို သရေခေတ္တရာခေတ်ဦးပိုင်းလက်ရာများဟုယူဆ၍ အနောက်ဈေးဂူကို နှောင်းပိုင်းလက်ရာဟု သတ်မှတ်ကြသည်။

ဘဲဘဲဂူဘုရားသည် ဘောဘောကြီးစေတီ၏အရှေ့ဘက်တွင်တည်ရှိ၍ အရှေ့အနောက် အလျားငါးမီတာ (၁၆ ဒသမ ၄ ပေ)နှင့် တောင်မြောက်အလျား ၄ ဒသမ ၇ မီတာ(၁၅ ဒသမ ၄ ပေ)၊ အမြင့် ၈ ဒသမ ၇ မီတာ(၂၈ ပေ ခြောက်လက်မ)ရှိသည့် လေးထောင့်စပ်စပ်အုတ်စေတီဖြစ်သည်။ ဂူ၏ အပေါ်ပိုင်းတွင် ပစ္စယာသုံးဆင့်ခံကာ ကွမ်းတောင်ပေါက်ထားပြီး မုခ်ပေါက်ကို အရှေ့ဘက်သို့မျက်နှာမူထားသည်။ ဘဲဘဲဂူဘုရား၏ကွမ်းတောင်သည် ပုဂံဂူဘုရားများတွင် တင်ထားသည့် ကွမ်းတောင်များကဲ့သို့ မွမ်းမံမှုများ မပါရှိချေ။

လေးမျက်နှာဂူဘုရားသည် ဘောဘောကြီးစေတီ၏အရှေ့ဘက် ဘဲဘဲဂူအနီးတွင်တည်ရှိသည်။ သရေခေတ္တရာဂူဘုရားများအနက် လေးမျက်နှာတစ်ဆူ၌သာ မုခ်လေးမုခ်ရှိပြီး အလျားအနံ ခုနစ်မီတာ (၂၂ ဒသမ ၉ ပေ)ပတ်လည်၊ အမြင့် ခြောက်မီတာ (၁၉ ဒသမ ၆ ပေ)ရှိသည်။ ပစ္စယာသုံးဆင့်သည် လေးမျက်နှာဘုရား၏ အမိုးဆင့်များဖြစ်ကြသည်။ အဆောက်အအုံကြံ့ခိုင်မှုအတွက် သံချောင်းများထောက်ကူထားသည့် လေးမျက်နှာဂူဘုရားကို အေဒီ ကိုးရာစုမှ ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းထားသည်။

ရဟန္တာဂူဘုရားသည် အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ဝင်ပေါက်များရှိပြီး အနောက်ဘက်သည် အပိတ်ဖြစ်သည်။ မြောက်ဘက်ဝင်ပေါက်သည် ကျန်ဝင်ပေါက်နှစ်ခုအောက် သေးငယ်ကျဉ်းမြောင်းသည်။ ရဟန္တာဂူဘုရားသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက် ရဟန္တာမြို့ဝင်ပေါက်ဝအနီးတွင် တည်ရှိသည်။ ဂူဘုရားအနီးတွင် ရဟန္တာရေကန်ရှိပြီး ဘောဘောကြီးဘုရားကို လှမ်းမြင်နေရသည်။ ရဟန္တာဂူသည် အလျား ၁၁ မီတာ(၃၆ ပေ)၊ အနံ ခုနစ်မီတာ(၂၃ ပေ)၊ အမြင့်(၁၀ ဒသမ ၈ ပေ)ရှိသည်။ အေဒီ ကိုးရာစုမှ ၁၃ ရာစုအတွင်းက တည်ဆောက်ခဲ့သည့် လက်ရာဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်းအတွင်း တောင်လုံးညိုကျေးရွာတွင်တည်ရှိသော အရှေ့ဈေးဂူဘုရားသည် အရှေ့အနောက် ၇ ဒသမ ၈ မီတာ(၂၅ ဒသမ ၅ ပေ)၊ တောင်မြောက် ၇ ဒသမ ၆ မီတာ(၂၄ ဒသမ ၉ ပေ) နှင့် အမြင့် ခြောက်မီတာ(၁၉ ဒသမ ၆ ပေ)ရှိသည်။ အရှေ့ဘက်သို့ ဆင်ဝင်ထုတ်ထားသည့် စတုရန်းပုံဂူဘုရား၏ထိပ်ပိုင်းသည် ပျက်စီးနေပြီဖြစ်သဖြင့် မူလပုံစံကို မခန့်မှန်းနိုင်တော့ချေ။ အရှေ့ဈေးဂူသည် ပုဂံဂူဘုရားများဗိသုကာပုံစံနှင့် အနီးစပ်ဆုံးတူညီကာ ဂူဘုရားနံရံတွင် အင်္ဂတေဇာကွက်ပြတင်းပေါက်များ၊ ဝင်ပေါက်မုခ်ကပ်များ၊ သပ်စီပေါင်းကူးအုတ်စီစနစ်များကို တွေ့ရှိရသည်။

အနောက်ဈေးဂူဘုရားသည် အရှေ့ဈေးဂူဘုရား၏ အနောက်တောင်ထောင့်တွင် တည်ရှိသည်။ အရှေ့ဘက်သို့မျက်နှာမူ၍ လိုဏ်အတွင်း၌ ဂန္ဓကုဋိခေါ်အတွင်းတိုက်ခန်းပတ်လည်၌ စင်္ကြံလမ်းရှိသည်။ အဆောက်အအုံသည် လေးထောင့်စပ်စပ်စတုရန်းပုံ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၇၂၉၈ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံ ၇၂၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၇၃၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးမှုက တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက်ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဧက ၇၃၀၀ ကျော် လျာထားစိုက်ပျိုးနေပြီး ဧက ၇၂၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ" ဟု မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၇၂၃၅ ဧကနှင့် နေကြာ ၆၃ ဧက စုစုပေါင်း ၇၂၉၈ ဧက ဖြစ်ကြောင်း၊ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲဧက ၇၂၇၀ နှင့် နေကြာဧက ၆၀ စုစုပေါင်း ဧက ၇၃၃၀ ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံဧက ၇၂၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

ဖြစ်ပြီး အဆောက်အအုံ၏တောင်ဘက်အတွင်းနံရံနှင့် အပြင်နံရံမှလက်တံနှစ်ခုကို အရှေ့အနောက်တန်းလျက်ထုတ်ထားသည်။ အတွင်းစင်္ကြံလမ်းနှစ်ခုရှိရာ အရှေ့အနောက်စင်္ကြံသည် ၄၁ ပေရှိ၍ တောင်မြောက်စင်္ကြံသည် ပေ ၅၀ ရှိသည်။ ပတ်လမ်းနံရံတွင် လိုဏ်ငယ်များပြုလုပ်ထားသည်။

ဘုရားထောင်ဂူဘုရားသည် နန်းတော်ရာအနီးတွင်တည်ရှိပြီး ပုဂံခေတ်လက်ရာ အချို့သောဘုရားများကဲ့သို့ ကုလားကျောင်းခံ၍ တည်ဆောက်ထားသည်။ အောက်ခံပလ္လင်သည် ၁၂ မီတာ(၃၉ ပေ)ပတ်လည်စတုရန်းပုံဖြစ်ကာ ပလ္လင်မှ စေတီထိပ်ထိ ၁၀ မီတာ(၃၂ ပေ)မြင့်သည်။ ယခင်က ဘုရားထောင်၏မျက်နှာလေးဖက်တွင် မုခ်ပေါက်များရှိခဲ့သော်လည်း ဂူဘုရားကြံ့ခိုင်မှုအတွက် အုတ်များဖြင့်ပိတ်ခဲ့သဖြင့် အတွင်းသို့ဝင်ရောက်၍မရချေ။ သို့သော် ၂၀၂၂ ခုနှစ်တွင် ဘုရားထောင်အတွင်းပိုင်းကို ဖွင့်လှစ်သုတေသနပြုရာတွင် အလယ်မဏ္ဍိုင်နှင့် ပတ်လမ်းကို တွေ့ရှိခဲ့ရသည်။

ပါဠိစပ်ရာဇဝင်များအရ ဘုရားထောင်စေတီကို ဗိုလ်ခြေ ၁၀၀၀ တည်ခဲ့သည်ဟုဆိုကြသော်လည်း ဘုရားထောင်စေတီ၏ အလှူရှင်နှင့် တည်ဆောက်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို တိကျစွာမသိရှိရသေးချေ။

ပျူခေတ်လက်ရာစေတီများကို အောက်ခြေကိုအဝိုင်း သို့မဟုတ် ရှစ်မြှောင့်ခံ၍ အထက်သို့ရှူးကာ တည်လေ့ရှိခဲ့သည်။ ထို့ကြောင့် ပုဂံတွင် ငကျွဲနားတောင်း၊ ဗူးဘုရား၊ လေးဆူတန်းစေတီများ အစရှိသည့် ပျူခေတ်ဟန် စေတီ ၁၂ ဆူကို တွေ့ရှိနိုင်ပေသည်။

**ဆူးပုပ်ကုန်းစေတီ**

သရေခေတ္တရာတွင် ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာစေတီများကဲ့သို့ ထုထည်မကြီးမားဘဲ အရွယ်သေးသောစေတီလုံးတစ်ခုကို ဆူးပုပ်ကုန်းအရပ်တွင် မြင်တွေ့ကြရသည်။ ဆူးပုပ်ကုန်းသည် သရေခေတ္တရာမြို့ဟောင်း၏တောင်ဘက် သောင်းပြည့်ကုန်း၏မြောက်ဘက်တွင် ရှိသည်။ ယခင်က ၎င်းစေတီတော်ကိုငုံ၍ စေတီတစ်ဆူတည်ခဲ့သော်လည်း ထိုငုံထားသော အပြင်စေတီတော်သည် ပျက်စီးသွားခဲ့သည်။ ဆူးပုပ်ကုန်းစေတီသည် ၁၂ ပေမျှသာ ဉာဏ်တော်မြင့်သော်လည်း ပန်းတင်ခုံ၊ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်တို့ဖြင့် အနုစိတ်မွမ်းမံထားသည်။ ဆူးပုပ်ကုန်းစေတီနှင့် အလားတူစေတီငယ်တစ်ဆူကို ရှေးဟောင်းသုတေသနဌာနက ၁၉၂၇-၁၉၂၈ ခုနှစ်တွင် သောင်းပြည့်ကုန်းအရပ်၌ တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

ပျူယဉ်ကျေးမှုအထောက်အထားများကို သရေခေတ္တရာအပါအဝင် ပျူမြို့ဟောင်းများတွင်တွေ့ရှိရပြီး ပျူများတည်ထားခဲ့သည့် ထုပါခေါ် စေတီလုံးများကို ပျူခေတ်လက်ရာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးအဆောက်အအုံများအဖြစ် မြင်တွေ့ကြရသည်။ ထုထည်ကြီးမားသော အုတ်စေတီကြီးများကို တည်ထားခဲ့သည့် ပျူတို့၏ဗိသုကာပညာကို သရေခေတ္တရာရှိ ထူပါခေါ် စေတီလုံးများတွင် ထင်ရှားစွာမြင်တွေ့နိုင်ပေသည်။

သရေခေတ္တရာသည် ပျူယဉ်ကျေးမှုအမွေအနှစ်များစွာ ကျန်ရှိနေသည့် မြို့ဟောင်းတစ်ခုဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးခုအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာရှိ ဖြပ်ရှိဖြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသုတေသနပြုကြခြင်းဖြင့် ပျူလူမျိုးများ၏ သမိုင်းနှင့်ယဉ်ကျေးမှုများကို ပိုမိုခိုင်မာစွာဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **သရေခေတ္တရာမြို့ဟောင်း (ဦးစိန်မောင်ဦး)**
- **တွင်းဖုံး၊ ဒွတ္တဘောင် (ဒေါက်တာသန်းထွန်း)**
- **ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ဒုတိယတွဲ (ဦးမြ)**

## ကမ္ဘာ့ခရီးသွားလုပ်ငန်း ရွှေ့သို့လှမ်း

\- နိုင်ငံပေါင်းစုံ ခရီးသွား
နေ့ရက်အား သတ်မှတ်ကာ၊
"နှစ်ဆယ့်ခုနစ်ရက်"ကို မမေ့ကြ
နေ့စက်တင်ဘာ၊
ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမှာ
နိုင်ငံတကာ ပါဝင်ကြ၊
"အစိမ်းရောင် ရင်းနှီးမြှုပ်နှံရေး"
မြှင့်တင်ပေးမှ။

\- တို့နိုင်ငံ သာပေစွ
ကမ္ဘာမြေအလှ တစ်နေရာ၊
ရှုမောဖွယ် တောင်တန်းက
အေးချမ်းသာယာ၊
တစ်ခါတစ်ခေါက် အလည်လာ
ဤမြေကမ္ဘာ ပြိုင်စံရှား၊
ညှို့ဝတ်ကျေ ပျူငှာစွ
လှပစိတ်ထား။

\- ပြည်မြန်မာ စေတီဘုရား
အလွန်ထင်ရှား ကမ္ဘာကျော်၊
လာလည်သူ မိတ်အများက
အားရလွန်ပျော်၊
ချစ်စရာမလေ့ အစုံနော်
ထင်ပေါ်သည့် နေရာများ၊
သာမောဖွယ် သင့်ရာသွားလို့
ဝင့်ဝါမကြွား။

\- ပင်လယ်ပြင် ကျွန်းတွေသွား
စိတ်ဝင်စား ကမ်းခြေတွေ၊
ငွေဆောင်ငပလီ ချောင်းသာနှင့်
မောင်းမကန်ပေ၊
မဟာမြတ်မုနိ ရွှေတိဂုံမှာလေ
ဖူးမြော်စေ ညှို့သည်များ၊
လာလည်သူ လူအပေါင်းက
ကောင်းချီးဝပ်တွား။ ။

**ရွှေတိုး(ထုံးဘို)**

(စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယား၌ ၁၀ နှစ်တာအတွင်းပထမဆုံးအကြိမ်ကျင်းပသည့် စစ်ရေးပြချီတက်ပွဲသို့ သမ္မတယွန်ဆွတ်ယိုး တက်ရောက်



**ဆိုးလ် စက်တင်ဘာ ၂၆**

တောင်ကိုရီးယား နိုင်ငံသည် ၁၀နှစ်တာအတွင်း ပထမဆုံးစစ်ရေးပြချီတက်ပွဲကို ယနေ့တွင် ကျင်းပခဲ့ရာ သမ္မတ ယွန်ဆွတ်ယိုးကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၇၅)ကြိမ်မြောက် တောင်ကိုရီးယား တပ်မတော်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့်အဆိုပါ စစ်ရေးပြချီတက်ပွဲတွင် တောင်ကိုရီးယားစစ်ဘက်သည် ဘလစ်စတစ်ဒုံးကျည်များမှသည် တင့်ကားများထိ ပါဝင်သည့် လက်နက်အမျိုးမျိုးကို ပြသခဲ့သည်။

အဆိုပါစစ်ရေးပြချီတက်ပွဲတွင် သမ္မတ ယွန်ဆွတ်ယိုးက မိန့်ခွန်းပြောကြားခဲ့ပြီး နျူကလီးယား လက်နက်များအသုံးမပြုရေးအတွက် မြောက်ကိုရီးယားနိုင်ငံကို သတိပေးခဲ့သည်။

တောင်ကိုရီးယားတပ်မတော်နေ့စစ်ရေးပြချီတက်ပွဲတွင် တောင်ကိုရီးယား တပ်ဖွဲ့ဝင်များနှင့်အတူ တောင်ကိုရီးယားနှင့် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် အင်အား ၃၀၀ လည်း ပါဝင်ချီတက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ယခုစစ်ရေးပြချီတက်ပွဲကဲ့သို့ လက်နက်မျိုးစုံထည့်သွင်းပြသခဲ့သော စစ်ရေးပြချီတက်ပွဲမျိုးကို ၂၀၁၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် ကျင်းပခဲ့သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် မြောက်ကိုရီးယားနှင့် ပတ်သက်၍ သဘောထားတင်းမာသူတစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : CNA

Trs : KKO

## အိုင်စီစီဥက္ကဋ္ဌကို အလိုရှိတရားခံအဖြစ် စာရင်းသွင်းထားကြောင်း ရုရှားအစိုးရ ကြေညာ

**မော်စကို စက်တင်ဘာ ၂၆**

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် နိုင်ငံတကာရာဇဝတ်တရားရုံး(အိုင်စီစီ)ဥက္ကဋ္ဌကို အလိုရှိတရားခံအဖြစ် စာရင်းသွင်းထားကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၅ ရက်တွင် ကြေညာထားသည်။

ရုရှားနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေများအရ အိုင်စီစီဥက္ကဋ္ဌပိုလန်နိုင်ငံသား ဟော့ဖ်မင်းစကီးပီအိုတာဂျိုးဆက်ဖ်ကို အလိုရှိတရားခံအဖြစ် သတ်မှတ်ထားသည်ဟု ရုရှားပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

သို့သော် ဟော့ဖ်မင်းစကီးအား မည်သည့်စွဲချက်များဖြင့် အလိုရှိတရားခံစာရင်း သွင်းထားသည်ကို ရုရှားပြည်ထဲရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ယခုနှစ်မတ်လအတွင်းအိုင်စီစီက ယူကရိန်း စစ်ရေးပဋိပက္ခနှင့် ပတ်သက်သည့်စွဲချက်များဖြင့် ရုရှားသမ္မတပူတင်ကို ဖမ်းဝရမ်းထုတ်ခဲ့သည်။

ရုရှားနိုင်ငံသည် အိုင်စီစီရှေ့နေကာရင်မ်ခန်နှင့် တရားသူကြီးများကိုလည်း ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်သည်။

သမ္မတပူတင်နှင့် ပတ်သက်၍ အိုင်စီစီက ထုတ်ပြန်ထားသော ဖမ်းဝရမ်းကိုရုရှားအနေဖြင့် လက်ခံမည်မဟုတ်ကြောင်း အိုင်စီစီအဖွဲ့ဝင်မဟုတ်သည့် ရုရှားနိုင်ငံက ပြောကြားထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : AFP

Trs : KKO

## နာဂေါ်နို-ကာရာဘက်ခ်ဒေသ၌ ဓာတ်ငွေ့ဆိုင် ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ဦးရေ ၂၀ သေဆုံး



**စတီပါနာကာ စက်တင်ဘာ ၂၆**

နာဂေါ်နို-ကာရာဘက်ခ်ဒေသ စတီပါနာကာမြို့အနီးတွင် စက်တင်ဘာ ၂၅ ရက်က မော်တော်ယာဉ်သုံးဓာတ်ငွေ့ဆိုင်တစ်ဆိုင် မီးလောင်ပေါက်ကွဲခဲ့ရာ အနည်းဆုံး ဦးရေ ၂၀သေဆုံးခဲ့ပြီးဦးရေ ၂၉၀ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အာမေးနီးယားနိုင်ငံဘက်သို့ ထွက်ခွာမည့် အာမေးနီးယန်းလူမျိုးများ မော်တော်ယာဉ်ဓာတ်ငွေ့ဖြည့်ရန် တန်းစီစောင့်ဆိုင်းနေစဉ် ဓာတ်ငွေ့ဆိုင် ပေါက်ကွဲမီးလောင်ခဲ့ရခြင်းဖြစ်သည်။

ဓာတ်ငွေ့ဆိုင် ပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသူအရေအတွက်မှာ ဦးရေ ၂၉၀ ရှိပြီး အများအပြားမှာ ဒဏ်ရာပြင်းထန်ကြောင်း နာဂေါ်နို - ကာရာဘက်ခ် ဒေသ အာမေးနီးယား ခွဲထွက်ရေးဝါဒီအုပ်စုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အဇာဘိုင်ဂျန်စစ်ဘက်က ပြုလုပ်ခဲ့သည့် ၂၄ နာရီကြာထိုးစစ်ကြောင့် လက်နက်များစွန့်ရန်နှင့် အဇာဘိုင်ဂျန်နိုင်ငံနှင့် ပေါင်းစည်းရန် အာမေးနီးယား ခွဲထွက်ရေးဝါဒီများက သဘောတူခဲ့ရပြီးနောက် နာဂေါ်နို - ကာရာဘက်ခ်ဒေသမှ အာမေးနီးယန်း လူမျိုးများမှာ အာမေးနီးယားနိုင်ငံဘက်သို့ အစုလိုက်အပြုံလိုက် ထွက်ပြေးလျက်ရှိသည်။

နာဂေါ်နို-ကာရာဘက်ခ်ဒေသသည် အဇာဘိုင်ဂျန်နိုင်ငံ၏အချုပ်အခြာပိုင် ဒေသဖြစ်သော်လည်း နှစ်ပေါင်း ၃၀ ကြာမျှ ခွဲထွက်ဒေသအဖြစ် ရပ်တည်ခဲ့သည်။

အဇာဘိုင်ဂျန်နှင့် အိမ်နီးချင်း အာမေးနီးယား နိုင်ငံတို့သည် နာဂေါ်နို - ကာရာဘက်ခ် ဒေသအတွက် စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : AP

Trs : KKO

## အီဂျစ်သမ္မတရွေးကောက်ပွဲများကို ယခုနှစ်ဒီဇင်ဘာလတွင် ကျင်းပမည်

**ကိုင်ရို စက်တင်ဘာ ၂၆**

အီဂျစ်သမ္မတ ရွေးကောက်ပွဲများကျင်းပမည့် အချိန်ကာလကို အီဂျစ်ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် ကြေညာထားကြောင်း သိရသည်။

ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အရ အီဂျစ်သမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာ ၁၀ရက်မှ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ရလဒ်များ ကြေညာပေးနိုင်ကြောင်းသိရသည်။

သို့သော် မဲရလဒ်မပြတ်သားမှုကြောင့် ဒုတိယအကျော့ရွေးကောက်ပွဲ ထပ်မံကျင်းပပေးခဲ့ရပါက အပြီးသတ်ရလဒ်များကို လာမည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း အီဂျစ်ရွေးကောက်ပွဲကော်မရှင် ကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အီဂျစ်နိုင်ငံမှာ စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်နေရသည့်တိုင် ယခုနှစ် သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အက်ဘ်ဒယ်လ်ဖာတား အယ်လ်စီစီသာ အနိုင်ရဖွယ်ရှိသည်။

၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များအရ အသက် ၆၈ နှစ်ရှိ သမ္မတ အယ်လ်စီစီသည် သမ္မတရာထူး တတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည်။

ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရခဲ့ပါက သမ္မတအယ်လ်စီစီအနေဖြင့် အီဂျစ်သမ္မတရာထူးကို အနည်းဆုံး ၂၀၃၀ ပြည့်နှစ်ထိ ဆက်လက်ရယူထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Gulf News

Trs : KKO

## မက္ကဆီကိုအစိုးရက တောင်ပိုင်းဒေသတစ်ခုသို့ လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ ကျော်စေလွှတ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၆**

အမျိုးသားအစောင့်တပ်ကြည်းတပ်နှင့်ရဲတပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ ကျော်ကို မက္ကဆီကိုအစိုးရက မက္ကဆီကိုနိုင်ငံ တောင်ပိုင်းသို့ စက်တင်ဘာ ၂၅ ရက်တွင် စေလွှတ်ထားကြောင်း သိရသည်။

အုပ်စုဖွဲ့ ရာဇဝတ်ဂိုဏ်းများ၏ လှုပ်ရှားမှုကို ထိန်းချုပ်၍ နယ်မြေလုံခြုံရေးတည်ဆောက်နိုင်ရန် နိုင်ငံတောင်ပိုင်းရှိ ဖရန်တီရာကိုမာလာပါဒေသသို့ လက်နက်ကိုင်တပ်များ စေလွှတ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖရန်တီရာကိုမာလာပါဒေသ ငြိမ်းချမ်းရေးအတွက် တာဝန်ယူပေးမည်ဖြစ်ကြောင်း မက္ကဆီကို ဖက်ဒရယ်အစိုးရက ကြေညာထားသည်။

ချီယာပတ်စ်ပြည်နယ်၌တည်ရှိသည့် ဖရန်တီရာကိုမာလာပါဒေသ၌ မူးယစ်မှောင်ခိုဂိုဏ်းများ ထကြွနေကြောင်း သိရသည်။

ဂွါတီမာလာနိုင်ငံ နယ်စပ်အနီးတည်ရှိသည့် ချီယာပတ်စ်ပြည်နယ်၌ ၂၀၂၃ ခုနှစ်၏ ပထမရှစ်လတာကာလအတွင်း လူသတ်မှုဖြစ်ပွားနှုန်းမှာ ယမန်နှစ်ကထက် ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး ၃၄၈ မှုထိ ရှိခဲ့ကြောင်း သိရသည်။


သို့သော် မက္ကဆီကို တစ်နိုင်ငံလုံး အတိုင်းအတာအရကြည့်ပါက ၂၀၂၃ ခုနှစ် လူသတ်မှုဖြစ်ပွားနှုန်းမှာ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပိုနည်းသွားသည်ဟု မက္ကဆီကို တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : CNA

Trs : KKO

# SCIENCE AND TECHNOLOGY

## အောစီးရစ်ရက်စ်အာကာသယာဉ်က အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ဆက်လက်ထွက်ခွာသွားပြီဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ခဲ့ပြီးနောက် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ဆက်လက် ထွက်ခွာသွားပြီဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်က ပြောကြားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် စက်တင်ဘာ ၂၄ ရက်က ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာထည့်ထားသော အလုံပိတ်သတ္တုဘူးကို ကမ္ဘာပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါမစ်ရှင်အောင်မြင်ခဲ့ပြီးနောက် အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဒုံးအင်ဂျင်များကို မိနစ် ၂၀ ခန့်ဖွင့်၍ ပျံသန်းရာလမ်းကြောင်း ထိန်းညှိပြုပြင်ခဲ့ပြီး အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ဆက်လက် ထွက်ခွာသွားပြီဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ရောက်ရှိရေးအတွက် သောကြာဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ကို အကြိမ်ကြိမ်အနီးကပ်ဖြတ်သန်းရဦးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ၂၀၂၉ ခုနှစ် ဧပြီ ၈ ရက်တွင် ရောက်ရှိဖွယ်ရှိသည်။

အချင်းပေ ၁၁၀၀ ရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည်ကမ္ဘာမြေနှင့် ကီလိုမီတာ ၂၈၇ သန်းကျော်အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ပေါ်၌ အချိန်အကြာဆုံး လှုပ်ရှားမောင်းနှင်မှုစံချိန်တင်နိုင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အလိုအလျောက်ထိန်းကျောင်းမောင်းနှင်မှုစနစ်အကူအညီဖြင့် အင်္ဂါဂြိုဟ်ပေါ်၌ အချိန်အကြာဆုံး လှုပ်ရှားမောင်းနှင်မှုစံချိန်ကို တင်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ယခုနှစ် ဇွန်လကုန်ပိုင်းတွင် ပါဆီးဗရင့်စ်သည် Auto Nav အမည်ရှိ အလိုအလျောက်မောင်းနှင်မှုစနစ်၏ အကူအညီဖြင့် Sno-wdrift Peak ခေါ် ကျောက်တုံးနယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၎င်းနယ်မြေတွင်းမှ ဇူလိုင်လကုန်ပိုင်းတွင် ပြန်ထွက်လာချိန်၌ ပါဆီးဗရင့်စ်သည် ခရီးအကွာအဝေး ၇၅၉ မီတာထိ မောင်းနှင်ထားပြီး



ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါအကွာအဝေးအရ ပါဆီးဗရင့်စ်သည် အလိုအလျောက်ထိန်းကျောင်းမောင်းနှင်မှုစနစ်ဖြင့် အချိန်အကြာဆုံး မောင်းနှင်မှုစံချိန်တင်နိုင်ခဲ့သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ယခုလအတွင်း စတုတ္ထအဆင့် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ဂျီဇီရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ အတွင်းပိုင်း၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

## အောစီးရစ်ရက်စ်အာကာသယာဉ်က ပြန်လည်ပေးပို့ခဲ့သော ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာများ ဂျွန်ဆင်အာကာသစခန်းသို့ရောက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အောစီးရစ်ရက်စ် အာကာသယာဉ်က ပြန်လည်ပေးပို့ခဲ့သော ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျွန်ဆင်အာကာသစခန်းသို့ စက်တင်ဘာ ၂၅ ရက်က ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အဆိုပါ ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ဂျွန်ဆင်အာကာသစခန်း၌ ထိန်းသိမ်းထားရှိ၍ လေ့လာစူးစမ်းမှုများပြုလုပ်မည်ဖြစ်သည်။

ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို လေ့လာခြင်းဖြင့် ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့် သက်ရှိများ၏ မူလအစတို့ကို လေ့လာဖော်ထုတ်ရာတွင် အကူအညီရနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ၂၀၂၀ ပြည့်နှစ်က ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အောစီးရစ်ရက်စ် အာကာသယာဉ်ရယူပေးထားသည့် ဘန်နူးဂြိုဟ်သိမ်ကျောက်သား၊ ကျောက်စ နမူနာဂရမ် ၂၅၀ အနက် ၂၅ ရာခိုင်နှုန်းကို ရွေးထုတ်လေ့လာ၍ လေးရာခိုင်နှုန်းကို ကနေဒါ အာကာသအေဂျင်စီသို့လည်းကောင်း၊ သုည ဒသမ ၅ ရာခိုင်နှုန်းကို ဂျပန်အာကာသအေဂျင်စီသို့လည်းကောင်း ခွဲဝေပေးသွားမည်ဖြစ်သည်။

ကျန်ရှိသည့် ကျောက်သားနမူနာ ၇၀ ရာခိုင်နှုန်းကိုမူ အနာဂတ် သိပ္ပံပညာရှင်များ နည်းပညာသစ်များဖြင့် လေ့လာနိုင်ရေးအတွက် ဂျွန်ဆင်အာကာသစခန်း၌ပင် ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

# HEALTH

## မျိုးဗီဇပြုပြင်ထားသည့် ဝက်နှလုံးအင်္ဂါကို ဒုတိယအကြိမ် လူနာတစ်ဦး၌ အစားထိုးနိုင်ခဲ့

**နယူးယောက် စက်တင်ဘာ ၂၆**

အမေရိကန်ဆေးပညာရှင်များသည် မျိုးဗီဇပြုပြင်ထားသည့် ဝက်နှလုံးအင်္ဂါကို ဒုတိယအကြိမ်အဖြစ် လူနာတစ်ဦး၌ အောင်မြင်စွာအစားထိုးထည့်သွင်းနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အသက် ၅၈ နှစ်အရွယ် လူနာတစ်ဦး၌ မျိုးဗီဇပြုပြင်ထားသည့် ဝက်နှလုံးအင်္ဂါကို အောင်မြင်စွာ အစားထိုးထည့်သွင်းနိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ကြေညာထားသည်။

လက်ရှိအချိန်တွင် လောရင့် ဖော်ဆက်တီအမည်ရှိ အဆိုပါလူနာ၌ စက်တင်ဘာ ၂၀ ရက်က ဝက်နှလုံးအင်္ဂါကို အစားထိုးထည့်သွင်းပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၎င်းလူနာမှာ ပြန်လည်နာလန်ထစပြုလာပြီဖြစ်သည်ဟု အမေရိကန် ဆေးပညာရှင်များက ပြောကြားသည်။

ဝက်နှလုံးအင်္ဂါအစားထိုးထည့်သွင်းထားသည့် ဖော်ဆက်တီမှာ နှလုံးရောဂါ နောက်ဆုံးအဆင့်ခံစားနေရသူဖြစ်သော်လည်း နှလုံးသွေးကြောကျဉ်းရောဂါ အခံရှိနေမှုနှင့် ကိုယ်တွင်းသွေးယိုမှုပြဿနာများကြောင့် လူ့နှလုံးအင်္ဂါအစားထိုးထည့်သွင်း၍ မရနိုင်သူအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသူဖြစ်ကြောင်း သိရသည်။

ဝက်နှင့်လူသားတို့ကြား ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှု အသွင်တူမှုကြောင့် မျိုးဗီဇပြုပြင်ထားသော ဝက်များမှာ လူတို့၏ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုများအတွက် သင့်လျော်ကြောင်း ဆေးပညာရှင်များက ယူဆထားသည်။

ကမ္ဘာ့ပထမဆုံးအကြိမ် ဝက်နှလုံးအင်္ဂါ အစားထိုးကုသမှုကိုလည်း မေရီလန်းတက္ကသိုလ်မှ ဆေးပညာရှင်များကပင် ယခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : UPI**

**Trs : KKO**

## ပုံစံ-၁ ဆီးချိုလူနာ၏အသည်းအတွင်း ပန်ကရိယဆဲလ်များ ထည့်သွင်းမှုက လူနာအသက်ရှည်နိုင်ရေး အထောက်အကူပြုနိုင်

**ပဲရစ် စက်တင်ဘာ ၂၆**

အလှူရှင်တစ်ဦး၏ ပန်ကရိယအင်္ဂါဆဲလ်များကို ပုံစံ-၁ ဆီးချိုရောဂါလူနာများ၏ အသည်းအတွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် လူနာများအသက်ရှည်ရှည် နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ပြင်သစ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၁ ဆီးချိုလူနာများ၏ အသည်းအတွင်းသို့ ပန်ကရိယဆဲလ်များ ထည့်သွင်းပေးမှုသည် ကျောက်ကပ်အစားထိုးထားရသော ပုံစံ-၁ ဆီးချိုလူနာများအတွက် ရလဒ်ကောင်းများပြသနေကြောင်း သိရသည်။


ပုံစံ-၁ ဆီးချိုလူနာသုံးပုံတစ်ပုံခန့်မှာ ကျောက်ကပ်သွေးကြောများ ပျက်စီးမှုကြောင့် ကျောက်ကပ်အစားထိုးရန် လိုအပ်သူများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ပန်ကရိယဆဲလ်များ အစားသွင်းကုသမှုပုံစံသည် ပုံစံ-၁ ဆီးချိုလူနာများ ကျန်းကျန်းမာမာ နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျောက်ကပ်အစားထိုးထားသော ပုံစံ-၁ ဆီးချိုလူနာများတွင် ပန်ကရိယဆဲလ်များ အစားထိုးထည့်သွင်းပေးခြင်းဖြင့် ကျောက်ကပ်အစားထိုးပြီးနောက်ပိုင်း နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို လူနာများအနေဖြင့် ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။


**Ref : The Daily Mail**


**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဒီကလန်ရိုက်နှင့် ထရိုဆာ့ဒ်တို့၏ ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ အာဆင်နယ်အသင်းထုတ်ပြန်







**လန်ဒန် စက်တင်ဘာ ၂၆**

အာဆင်နယ် အသင်းသည် အသင်းမှ အဓိက ကစားသမားများ ဖြစ်သည့် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်နှင့် တောင်ပံကစားသမား ထရိုဆာ့ဒ်တို့၏ဒဏ်ရာ အခြေအနေမှာ ပြင်းထန်မှုမရှိကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

ဒီကလန်ရိုက်သည် ပြီးခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့သော်လည်း ပထမပိုင်းအပြီးတွင် နောက်ကျောဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ဂျော်ဂျင်ဟိုနှင့် လူစားလဲခဲ့ရသကဲ့သို့ ထရိုဆာ့ဒ်သည်လည်း ပီအက်စ်ဗွီအသင်းကိုအနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့သဖြင့် ကစားသမားများ၏ဒဏ်ရာအခြေအနေကို ကနဦးစစ်ဆေးမှုပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိကြောင်း အာဆင်နယ်အသင်းက ပြောကြားခဲ့သည်။

အဆိုပါ ကစားသမားနှစ်ဦးအနေဖြင့် စက်တင်ဘာ ၂၈ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့်ကစားရမည့် ကာရာဘောင်းဖလားပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ဒီကလန်ရိုက်၏ နောက်ကျောဒဏ်ရာမှာ အနည်းငယ် နာကျင်မှုရှိနေသော်လည်း ဒဏ်ရာပြင်းထန်မှု မရှိကြောင်း ပြောကြားခဲ့ကာ လာမည့်စနေနေ့တွင် ဘုန်းမောက်အသင်းနှင့် ကစားရမည့် အမှတ်ပေးပွဲစဉ်ကို ပြန်လည် ပါဝင်နိုင်ဖွယ်ရှိသော်လည်း ထရိုဆာ့ဒ်သည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်သေးဘဲ လာမည့်ရက်သတ္တပတ်မှသာ အသင်းနှင့်လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

# ဗီအိုရင်တီးနားအသင်းက နစ်ကိုးဂွန်ဇာလက်စ်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ရောမ စက်တင်ဘာ ၂၆**

ဗီအိုရင်တီးနား အသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြ ဂိုးသွင်းယူနေသည့် တိုက်စစ်မှူး နစ်ကိုးဂွန်ဇာလက်စ်ကို လာမည့် ၂၀၂၈ ခုနှစ်ထိသက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး နစ်ကိုးဂွန်ဇာလက်စ်ကို နွေရာသီအပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်ကလပ် ဘရန့်ဖို့ဒ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက ငြင်းဆိုခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ လေးပွဲတွင် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ အသင်းတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး နစ်ကိုးဂွန်ဇာလက်စ်သည် အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ခြေစွမ်းပြသနိုင်မှုကြောင့် ဥရောပထိပ်သီးကလပ်အသင်းများ၏ ခေါ်ယူမှုမှ ကာကွယ်နိုင်ရန် ဗီအိုရင်တီးနားအသင်းက ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ပြီး ကာလရှည်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူးဂွန်ဇာလက်စ်သည် ပြီးခဲ့သည့် ဂျန့်အသင်းနှင့်ကစားခဲ့သည့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင်ရရှိခဲ့သည့်ခြေဖနောင့်ဒဏ်ရာကြောင့် အနားယူနေရပြီး အူဒီးနီးစ်အသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း လာမည့် စက်တင်ဘာ ၂၈ ရက်တွင် ကစားရမည့် ဖရိုစီဝမ်းအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



# ခံစစ်ကစားသမား တက်စ်မီကက်ကို ကာလရှည်စာချုပ်ချုပ်ဆိုခဲ့ကြောင်း လီဗာပူးအသင်းကြေညာ

**လန်ဒန် စက်တင်ဘာ ၂၆**

လီဗာပူးအသင်းသည် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဘယ်တောင်ပံခံစစ်ကစားသမားတက်စ်မီကက်ကို ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းခဲ့ရာ နှစ်နှစ်သက်တမ်းတိုး၍ ကာလရှည်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ယနေ့တွင် အတည်ပြုကြေညာခဲ့သည်။

အသက် ၂၇ နှစ်ရှိ ခံစစ်ကစားသမား တက်စ်မီကက်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဂရိကလပ် အိုလံပီယာကို့စ်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁ ဒသမ ၇၅ သန်းဖြင့် လီဗာပူးအသင်းသို့ရောက်ရှိခဲ့ပြီး လက်ရှိတွင် အသင်းနှင့်စာချုပ်သက်တမ်း နှစ်နှစ် ကျန်ရှိနေသေးသော်လည်း အသင်းတာဝန်ရှိသူများက ၎င်းကို လက်မလွှတ် လိုသောကြောင့် ၂၀၂၇ ခုနှစ်ထိ ကာလရှည်စာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား တက်စ်မီကက်က "အခုလို အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့တဲ့အတွက် အရမ်းကိုဝမ်းသာမိပါတယ်။ ဒါကလဲ ကျွန်တော်အသင်းအပေါ် ပေးဆပ်ခဲ့တဲ့ အရာတွေအတွက် ပြန်လည်ခံစားရတယ်လို့ ထင်ပါတယ်။ စာချုပ်သစ်ထပ်မံချုပ်နိုင်ခဲ့တာဟာ အသင်းနဲ့ကျန်ရှိနေတဲ့ အချိန်တွေအတွက် ကျွန်တော့်ကို စိတ်အားထက်သန်မှုတွေဖြစ်စေပါတယ်။ အသင်းရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပြီး အောင်မြင်မှုတွေ ရယူချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

တက်စ်မီကက်သည် လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၆၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၂၂ ခုနှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်တွင် အသင်းအတွက်အဆုံးအဖြတ်ပင်နယ်တီ ကန်သွင်းပေးခဲ့ကာ ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကလည်း နည်းပြကလော့ပ်လက်အောက်တွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၈ ပွဲထိ ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။

**Ref : Football Today**

**Trs : ML**

# အာရှအားကစားပြိုင်ပွဲ စက်တင်ဘာ ၂၆ ရက်နေ့ပွဲစဉ်များအပြီး ဆုတံဆိပ်ရရှိမှုတွင် တရုတ်နိုင်ငံ ဆက်လက်ဦးဆောင်

**ပေကျင်း စက်တင်ဘာ ၂၆**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိနေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် စက်တင်ဘာ ၂၆ ရက်နေ့ပွဲစဉ်များအပြီး နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုစာရင်းတွင် အိမ်ရှင်တရုတ်နိုင်ငံက ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိနေပြီး ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် အာဆီယံဇုန်မှ နှစ်နိုင်ငံပါဝင်လာခဲ့ကြောင်း သိရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် စက်တင်ဘာ ၂၄ ရက်မှစတင်ပြီး ဆုတံဆိပ်များကို စတင် ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကာ ယနေ့တွင် တတိယမြောက်နေ့အဖြစ်ကျင်းပခဲ့အပြီးတွင် အိမ်ရှင်တရုတ်နိုင်ငံက ရွှေ အခု ၄၀၊ ငွေ ၂၁ခု၊ ကြေး ကိုးခု စုစုပေါင်း ဆုတံဆိပ် ၇၀ ဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် ထိပ်ဆုံးမှဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ တတိယနေ့ပွဲစဉ်များအပြီးတွင် ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် အာဆီယံဇုန်မှ အင်ဒိုနီးရှားနိုင်ငံနှင့်အတူ ထိုင်းနိုင်ငံလည်း ပါဝင်လာခဲ့ခြင်းဖြစ်သည်။



(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ စက်တင်ဘာ ၂၆ ရက်နေ့ပွဲစဉ်များအပြီး နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအများဆုံး ၁၀ နိုင်ငံစာရင်းမှ တရုတ်နိုင်ငံ၏နောက်တွင် တောင်ကိုရီးယားနိုင်ငံက ရွှေ ၁၁ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၅ ခုဖြင့် အဆင့်(၂)၊ ဂျပန်နိုင်ငံက ရွှေ ငါးခု၊ ငွေ ၁၄ ခု၊ ကြေး ၁၂ ခုဖြင့် အဆင့် (၃)၊ ဥဇဘတ်ကစ္စတန်နိုင်ငံက ရွှေ လေးခု၊ ငွေ ငါးခု၊ ကြေး ခြောက်ခုဖြင့် အဆင့်(၄)၊ ဟောင်ကောင်က ရွှေ သုံးခု၊ ငွေ လေးခု၊ ကြေး ခုနစ်ခုဖြင့် အဆင့် (၅)၊ အင်ဒိုနီးရှားနိုင်ငံက ရွှေ သုံးခု၊ ငွေ တစ်ခု၊ ကြေး ငါးခုဖြင့် အဆင့်(၆)၊ အိန္ဒိယနိုင်ငံက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး ခြောက်ခု ဖြင့် အဆင့်(၇)၊ တရုတ်(တိုင်ပေ)က ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး သုံးခုဖြင့် အဆင့်(၈)၊ ထိုင်းနိုင်ငံက ရွှေ တစ်ခု၊ ကြေး သုံးခုဖြင့် အဆင့်(၉)နှင့် မကာအိုနိုင်ငံက ရွှေ တစ်ခု၊ ကြေး နှစ်ခုဖြင့် အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : ASEAN Skyline**

**Trs : STA**

## အားကစားသတင်း အတိုအထွာများ

- ❑ လေဗာကူဆင်အသင်းနည်းပြဇာဗီအလွန်ဆိုအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း လာမည့်ရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ပူးပေါင်းရန် မျှော်လင့်ထားကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ❑ ဘာစီလိုနာအသင်းက စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား လိုဆယ်ဆိုအတွက် စပါးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းသတ်မှတ်ခဲ့ကြောင်း သိရသည်။
- ❑ ပီအက်စ်ဂျီအသင်းက အငှားခေါ်ယူထားသည့် တောင်ပံကစားသမား ဇာဗီဆိုင်မွန်အနေဖြင့် လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြသနေသောကြောင့် အသင်းဒါရိုက်တာ အီဗာရီက အပြီးသတ်ခေါ်ယူခွင့်ရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ML

# ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များယှဉ်ပြိုင်ကစား



**တောင်ကြီး ဇော်တင်ဘာ ၂၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူးပြီး ဘော်လီဘောအားကစားနည်းဖွံ့ဖြိုးတိုးတက် လာစေရန်နှင့်မျိုးဆက်သစ် လူငယ်ကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ၊ ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် တောင်ကြီးခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ ကစားခဲ့ရာ တောင်ကြီးခရိုင်အသင်းက ၂၅-၁၉ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၂၀ မှတ်ဖြင့် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် လွိုင်လင်ခရိုင်အသင်းတို့ကစားခဲ့ရာ လွိုင်လင်ခရိုင်အသင်းက ၂၅-၂၀ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၅-၂၃ မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး တောင်ကြီးခရိုင် အသင်းနှင့် လွိုင်လင်ခရိုင် အသင်းတို့က ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် တောင်ကြီးခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ ကစားခဲ့ရာ တောင်ကြီးခရိုင်အသင်းက ၂၅-၂၃ မှတ်၊ ၂၅-၉ မှတ်၊ ၂၅-၉ မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မိုးမိတ်ခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းတို့ ကစားခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက ၂၅-၂၃ မှတ်၊ ၂၅-၁၈ မှတ်၊ ၂၆-၂၄ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မိုးမိတ်ခရိုင်အသင်းက ၂၅-၂၀ မှတ်ဖြင့် တစ်ပွဲသာ အနိုင်ရရှိခဲ့သည့်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# Adidas အားကစားပစ္စည်းကုမ္ပဏီက LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်ကို တရားစွဲ

**ဘာလင် ဇော်တင်ဘာ ၂၆**

PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်အပြိုင် ဂေါက်သီးရိုက်လောကတွင် နေရာတစ်ခုရယူရန် ဖွဲ့စည်းတည်ထောင်လာသော LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်ဖြင့် ကာလရှည်ပြဿနာဖြစ်ခဲ့ပြီးနောက် Adidas အားကစားပစ္စည်းကုမ္ပဏီနှင့် အမှုရင်ဆိုင်နေရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံအခြေစိုက် Adidas အားကစားပစ္စည်း ကုမ္ပဏီသည် အင်္ဂလန်နိုင်ငံ နက်စ်ဖို့ဒ်မြို့တွင် အခြေစိုက်သည့် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ Logo အမှတ်တံဆိပ်သည် Adidas အားကစားပစ္စည်းကုမ္ပဏီကို တုပထားခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့ပြီး တရားစွဲဆိုမှု ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်သည်။

Adidas အားကစားပစ္စည်းကုမ္ပဏီက LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်ကို အမေရိကန်နိုင်ငံအခြေစိုက် အမေရိကန်မူပိုင်ခွင့်နှင့်ကုန်အမှတ်တံဆိပ်ရုံး(USPTO)ထံသို့ တရားစွဲဆိုထားခြင်းဖြစ်ကြောင်းလည်း USPTO ရုံးက ထုတ်ပြန်ခဲ့သည်။

Adidas အားကစားပစ္စည်းကုမ္ပဏီက LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ Logo အမှတ်တံဆိပ်ပါ မျဉ်းစောင်းများသည် Adidas အားကစားပစ္စည်းကုမ္ပဏီ၏အမှတ်တံဆိပ်တွင် ပါရှိသော မျဉ်းစောင်းများနှင့် ဆင်တူနေခြင်းကြောင့် တရားစွဲဆိုရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း Adidas အားကစားပစ္စည်းကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

Adidas အားကစားပစ္စည်းကုမ္ပဏီက တရားစွဲဆိုထားမှုကို LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်က အောက်တိုဘာ ၂၈ ရက်မတိုင်မီ တုံ့ပြန်ဖြေရှင်းရမည် ဖြစ်ကြောင်း သိရသည်။

Ref : SB Nation

Trs : AZL

# အမျိုးသမီးစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ရှာဒါစီယာနှင့်ဖရန်ချွန်တို့ကို ယှဉ်ပြိုင်ထိုးသတ်ရန် WBC ညွှန်ကြား





**မက္ကဆီကိုစီးတီး ဇော်တင်ဘာ ၂၆**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် အခြေစိုက်သည့် WBC အဖွဲ့ချုပ်သည် လစ်လပ်နေသော WBC အမျိုးသမီး စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံအတွက် အမေရိကန် လက်ဝှေ့သမားများဖြစ်ကြသည့် ရှာဒါစီယာနှင့်ဖရန်ချွန်တို့ကို ယှဉ်ပြိုင်ထိုးသတ်ရန် ညွှန်ကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စူပါမစ်ဒယ် ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုဆွတ်ခူးထားသည့် ဆာဗန်နာသည် ဒဏ်ရာပြဿနာဖြင့်ရင်ဆိုင်နေရပြီး ၂၀၂၄ ခုနှစ် ဧပြီလထိ စိန်ခေါ်ပွဲထိုးသတ်နိုင်တော့မည် မဟုတ်သည့်အတွက် WBC စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံကို ကာကွယ်ရမည့်ကာလပြည့်သွားပြီဖြစ်သည့်အတွက် ဆာဗန်နာအနေဖြင့် လက်ရှိချန်ပီယံဆုကို စွန့်လွှတ်လိုက်ရပြီဖြစ်သည်။

ယခုအခါ လစ်လပ်သွားသော WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံအတွက် WBC စူပါမစ်ဒယ်ဝိတ်တန်း၏ အဆင့်(၁)နေရာနှင့် အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ရှာဒါစီယာနှင့် ဖရန်ချွန်တို့ကို ထိုးသတ်ရန် WBC က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

စိန်ခေါ်ပွဲ ထိုးသတ်သွားရန်အတွက် ရှာဒါစီယာနှင့်ဖရန်ချွန်တို့အကြား ရက် ၃၀ အတွင်း ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်သွားရမည်ဖြစ်ပြီး ရက် ၃၀ အတွင်း နှစ်ဦးသဘောတူစာချုပ်ကို WBC သို့ ပေးပို့သွားရန် WBC က ညွှန်ကြားခဲ့ကြောင်း သိရသည်။

Ref : Bad Left Hook

Trs : AZL

# Chengdu Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အလက်ဇန်းဒါးဇီရက်ဗ်နှင့် ဆာဖူလင်တို့ ယှဉ်ပြိုင်ရမည်

**ချန်ဒူ ဇော်တင်ဘာ ၂၆**

တရုတ်နိုင်ငံ ချန်ဒူမြို့တွင် ကျင်းပနေသည့် Chengdu Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီတင်းနစ် ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်နှင့် ရုရှားတင်းနစ်ကစားသမား ဆာဖူလင်တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ဇန်းဒါးဇီရက်ဗ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဘူလ်ဂေးရီးယားဝါရင့်တင်းနစ်ကစားသမား ဒီမီထရို့ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အလက်ဇန်းဒါးဇီရက်ဗ်က (၆-၃၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အဆင့်သို့တက်ရောက်ခဲ့သည့် ဆာဖူလင်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား မူဆက်တီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဖူလင်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလက်ဇန်းဒါးဇီရက်ဗ်နှင့် ဒီမီထရို့ဗ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး အထူးသဖြင့် ဒုတိယပွဲငယ်မှာ ပို၍အကြိတ်အနယ်ရှိခဲ့ကာ ပွဲကစားချိန်မှာလည်း တစ်နာရီ မိနစ် ၅၀ ထိ ကြာမြင့်ခဲ့ပြီး အလက်ဇန်းဒါးဇီရက်ဗ်က ဆီမီးဖိုင်နယ်ပွဲစဉ်သည် ယခုနှစ်တင်းနစ်ရာသီအတွင်းအကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သည့် ပွဲစဉ်ဖြစ်သည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

Ref : ATP

Trs : AZL

# ဒဏ်ရာကြောင့် တိုက်စစ်မှူး မက်ဆီ ဟူစတန်အသင်းနှင့် ပွဲစဉ်ကို ထပ်မံလွဲချော်ဖွယ်ရှိ

**ဝါရှင်တန် ဇော်တင်ဘာ ၂၆**

အင်တာမီယာမီအသင်းအဓိက တိုက်စစ်မှူးမက်ဆီသည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် ယူအက်စ်အိုးပင်းဖလား ဗိုလ်လုပွဲစဉ်အဖြစ် ကစားမည့် ဟူစတန်အသင်းနှင့်ပွဲစဉ်ကိုပါ လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီ အကုန်က ပီအက်စ်ဂျီအသင်းမှ အင်တာမီယာမီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သည့် မက်ဆီသည် အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်က ကစားခဲ့သည့် တိုရွန်တိုအသင်းနှင့် အင်တာမီယာမီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၏ ပွဲချိန် ၃၇ မိနစ်၌ ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် အနားယူနေရသူဖြစ်သည်။

လက်ရှိတွင် မက်ဆီ၏ ခြေသလုံး ကြွက်သားဒဏ်ရာမှာ သက်သာခြင်းမရှိသေးသည့်အပြင် အသင်းနှင့်လည်း ပူးပေါင်းလေ့ကျင့်နိုင်ခြင်း မရှိသေးသည့်အတွက် စက်တင်ဘာ ၂၈ ရက်တွင် ကစားမည့် ယူအက်စ်အိုးပင်းဗိုလ်လုပွဲစဉ်ဖြစ်သည့် ဟူစတန်အသင်းနှင့် အင်တာမီယာမီအသင်းတို့ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေခြင်း ဖြစ်သည်။

မက်ဆီသည် အင်တာမီယာမီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲပါဝင်ကစားခဲ့ရာတွင် ၁၁ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး အင်တာမီယာမီအသင်း ရှုံးထွက်ဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် စွမ်းဆောင်ပေးထားနိုင်ခဲ့သကဲ့သို့ ယူအက်စ်အိုးပင်းဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲထိ တက်ရောက်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : The Mirror

Trs : STA



# မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး

ဘုန်းမောင်ဝင်း(ဖျာပုံ)




ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းမှာ ဒေသ၏ပုံရိပ်ကို မြှင့်တင်ပေးရန်ဖြစ်သည်။ ထိုသို့မြှင့်တင်ရန်မှာ မြေပြင်တွင် ထင်ရှားစွာလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ဒေသ၏ ကောင်းသတင်းများကို မီဒီယာနည်းလမ်းပေါင်းစုံတို့မှလည်း စဉ်ဆက်မပြတ်ထုတ်လွှင့်ပြသနေရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ဖြစ်စေ၊ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားရှိနေသောနေရာနှင့်ပတ်သက်၍ဖြစ်စေ သတင်းအမှားများထုတ်လွှင့်မှုတွေ့ရှိပါက သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ရေမြေသဘာဝတောတောင်အလှ ရှုခင်းမှန်သမျှမှာ ဆွဲဆောင်မှုရှိသည့်နေရာများသာဖြစ်သည်။

မကြာမီ ပွင့်လင်းရာသီရောက်လာတော့မည်ဖြစ်ရာ ခရီးသွားဧည့်သည်များလည်း စဉ်ဆက်မပြတ်လာရောက်တော့မည်ဖြစ်သည်။ ခရီးသွားဧည့်သည်များ အဆင်ပြေစွာသွားလာနိုင်ရေး လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ရေး၊ ဒေသတွင်းသို့ ရောက်ရှိချိန်မှစ၍ ပြန်လည်ထွက်ခွာချိန်ထိ ကောင်းမွန်ပြည့်ဝသည့်ဝန်ဆောင်မှုများဆောင်ရွက်နိုင်ရေး၊ ခရီးစဉ်တစ်ခုနှင့်တစ်ခု အဆင်ပြေပြေ ချိတ်ဆက်သွားလာနိုင်ရေး၊ အစားအစာများကို ငွေကြေးကုန်ကျမှုသက်သာ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများဖြစ်စေရေး၊ စိတ်ဝင်စားဖွယ်ခရီးစဉ်များ ရေးဆွဲဆောင်ရွက်နိုင်ရေးစသည်တို့ကို သက်ဆိုင်ရာဒေသများအလိုက် ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ဒေသအလိုက် တစ်နေရာနှင့်တစ်နေရာမတူညီသည့် သဘာဝပတ်ဝန်းကျင်များ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့ထုံးစံများနှင့် ဝတ်စားဆင်ယင်ပုံများ၊ ဒေသနှင့်လူမျိုးအလိုက် အစားအသောက်များနှင့် ရိုးရာလက်မှုများ၊ အနုပညာများစသည်တို့ စုံစုံလင်လင်ရှိကြသည်။ အရှေ့တောင်အာရှတွင် ရေခဲဖုံးလွှမ်းသောတောင်တန်းများမှာ မြန်မာတစ်နိုင်ငံတည်းတွင်သာရှိပေရာ ဤသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာမှုပိုမိုလာရောက်ရေးမှာ သက်ဆိုင်ရာ ကာယကံရှင်များကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ရမည်။ ခရီးသွားလုပ်ငန်းတွင်ကျယ်လာသည်နှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာပေမည်။

မြန်မာနိုင်ငံအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသများစွာထဲက ထုတ်နုတ်ဖော်ပြရလျှင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ငွေဆောင်၊ ချောင်းသာ၊ ပေလီ၊ ပြင်ဦးလွင်၊ အင်းလေး၊ ကလော-တောင်ကြီး၊ ကော့သောင်း၊ ကျောက်ဖြူ၊ မာန်အောင်၊ ပူတာအိုတို့ဖြစ်သည်။ ဤသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန က အကြံပြုထားသည့်ခရီးစဉ်ဒေသများဖြစ်သည်။ အဆိုပါဦးစားပေးခရီးစဉ်ဒေသ ၁၄ ခု မှာ ဒေသ တစ်ခုချင်းစီအလိုက် ခရီးသွားဆွဲဆောင်မှုများ ကိုယ်စီရှိထားပြီးဖြစ်သည်။ ဧည့်သည်လာလျှင် ဧည့်ဝတ်ကျေပွန်အောင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ခရီးသွားများလည်ပတ်နိုင်သော ခရီးစဉ်နေရာ ၃၈ ခုထိ ဖော်ထုတ်ထားသည်။ ဘုရား၊ ပုထိုး၊ စေတီများမှာ စုစုပေါင်း ၁၇ နေရာရှိသည်။ ဥယျာဉ်များ၊ ပြတိုက်များနှင့် အပန်းဖြေနေရာမှာ စုစုပေါင်း ၂၁ နေရာရှိသည်။ ဟိုတယ်နှင့်တည်းခိုရိပ်သာပေါင်း ၉၀ ကျော်၊ အခန်းပေါင်း ၆၀၀၀ ကျော်ရှိနေသည်။ နေပြည်တော်ကို စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်သည့် ခေတ်မီမြို့တော်ဖြစ်စေရန် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပပြုလုပ်ကာ ဩဂုတ် ၈ ရက်နေ့က အများပြည်သူအတွက် ဖွင့်လှစ်ခဲ့သော မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ရှိ သာသနာရေးဆိုင်ရာ အဆောက်အအုံများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာလည်း လွန်စွာအံ့ဩဖွယ်၊ ကြည်ညိုဖွယ်သပ္ပာယ်လှသည်။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးလည်းဖြစ်သည်။ စကျင်တောင်မှ ကျောက်တုံးတော်များကို နေပြည်တော်သို့ရောက်အောင် သယ်ဆောင်မှု၊ ထုဆစ်မှုများမှာလည်း ထူးခြားအံ့ဩဖွယ်ဖြစ်သည်။ ထိုနေရာသို့ ခရီးသွားဧည့်သည်များ မလွဲမသွေလာရောက်ကြမည်ဖြစ်သည်။ နေပြည်တော်သို့ ရောက်သည်ဆိုလျှင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လေ့လာကြည်ညိုဖူးမြော်ပြီးမှသာ နေပြည်တော်သို့ ရောက်သည်ဟုဆိုနိုင်ပေလိမ့်မည်။

ခရီးသွားလုပ်ငန်းဆိုသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းက လုပ်ဆောင်နေသော လုပ်ငန်းဖြစ်သည်။ နိုင်ငံများအလိုက် အပြိုင်အဆိုင်ဆွဲဆောင်စည်းရုံးနေရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အခြားသော ဒေသတွင်းနိုင်ငံများထက် ဆွဲဆောင်စည်းရုံးနိုင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားများ လာရောက်လည်ပတ်ရေးအတွက် ဆွဲဆောင်စည်းရုံးရာတွင် မရှိသည်ကိုအရှိလုပ်ပြီး ဆွဲဆောင်ရမည့်ကိစ္စရပ်မျိုးမဟုတ်ပေ။ ထင်ထင်ရှားရှားရှိနေပြီးသောနေရာ၊ ဒေသများ၊ ထူးခြားမှုများကို နိုင်ငံတကာကသိအောင် ကြော်ငြာသည့်ကိစ္စရပ်သာဖြစ်သည်။ ဆိုလိုသည်မှာ ရှိပြီးသားနေရာများကို သိပြီးဖြစ်အောင် ကြိုးစားခြင်းဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ကြရမည်ဖြစ်သည်။

နိုင်ငံတိုင်း၏ စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရိုးရာအစားအစာများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ကမ္ဘာကသိအောင်လုပ်ဆောင်ပေးသည့်လုပ်ငန်းဖြစ်သည်။ ထို့ပြင် နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးသည့်လုပ်ငန်းလည်းဖြစ်သည်။ ခရီးသွားလုပ်ငန်းမှာ မည်သည့်အချိန်ကာလတွင်မျှ ရိုးအီသွားမည့်လုပ်ငန်းမဟုတ်ပေ။ မျိုးဆက်သစ်အဆက်ဆက်တို့ရှိနေသရွေ့ ခရီးသွားလုပ်ငန်းများသည်လည်း ရှိနေမည်သာဖြစ်သည်။ ခရီးသွားခြင်းသည် စိတ်အပန်းပြေသည်။ ဗဟုသုတများစွာရရှိသည်။ မရောက်ဖူးသည့်ဒေသတစ်ခုကို ရောက်ရှိပြီး မိတ်ဆွေအသစ်တိုးပွားခြင်းမှာလည်း ပျော်ရွှင်ကြည်နူးဖွယ်အတိဖြစ်သည်။

ယခုအခါ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် တင်စားသတ်မှတ်ထားပေရာ နိုင်ငံပေါင်းစုံရှိ ခရီးသွားလုပ်ငန်းများပိုမိုအောင်မြင်စေရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ဖွဲ့စည်းထားရှိသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)က ကမ္ဘာ့ခရီးသွားလုပ်ငန်းကို အစဉ်မြှင့်တင်ပေးရန်အတွက် ၁၉၈၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ်စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ်သတ်မှတ်ပေးခဲ့သည်။ နှစ်စဉ် ဦးတည်ချက်အသစ်နှင့် ဆောင်ပုဒ်အသစ်များချမှတ်၍ ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၄၃) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး"ဟူ၍ဖြစ်သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သည့်အခြေခံအချက်များတွင် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလုပ်ကိုင်ကြရန်ဖြစ်သည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌ ကမ္ဘာ့မြေအပါအဝင် လူသားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သာယာဝပြောရေးတို့အတွက် အစိမ်းရောင်စီးပွားရေးစနစ်ကိုကျင့်သုံးရေးဖြစ်သည်။ လူသားများအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအရည်အသွေးရှိစေရန် ရင်းနှီးမြှုပ်နှံခြင်းများ၊ ရေရှည်တည်တံ့ခိုင်မြဲသော အဆောက်အအုံများနှင့် အစိမ်းရောင်အသွင်ကူးပြောင်းရေးတို့တွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့်စွန့်ဦးတီထွင်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုပြုလုပ်ကြရန် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်က တိုက်တွန်းထားခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ပညာရေးနှင့်ကျွမ်းကျင်မှု အရည်အသွေးမှာ လူသားများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများနှင့်အစိမ်းရောင်အသွင်ကူးပြောင်းရေးတွင် အရှိန်မြှင့်တင်ခြင်းမှာ ကမ္ဘာ့မြေတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုတို့မှာ သာယာဝပြောရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတိုင်းအတွက် မီးခိုးမထွက်သောစက်ရုံအဖြစ် အဓိကအခန်းကဏ္ဍတွင်ရှိနေသည်။ ခရီးသွားလုပ်ငန်းသည် လူသားအချင်းချင်း ငြိမ်းချမ်းခြင်း၊ ချစ်ကြည်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုရှိခြင်း၊ နည်းပညာဆန်းသစ်ခြင်းတို့ရရှိစေပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှာ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ကုလသမဂ္ဂမှချမှတ်ထားသောဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိရန်အတွက် အဟန့်အတားများကို အမြန်ဆုံးဖြေရှင်းနိုင်သည့် ကဏ္ဍတစ်ရပ်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင်ရေးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ သက်မွေးပညာနှင့်အဆင့်မြင့်ပညာရပ်များ ထွန်းကားရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ သက်မွေးပညာဦးစီးဌာန အစရှိသော ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို ကြိုဆိုပါသည်။ ထို့အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ဆိုင်ရာ သက်မွေးပညာသင်ကျောင်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်နေမှုများကိုလည်း ကြိုဆိုပါသည်။ ထို့အတူ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကဲ့သို့သော နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းကိုလည်း ကြိုဆိုပါသည်။

မြန်မာ့ခရီးသွားလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဆိုပါက ပြည်ပဝင်ငွေ ပိုမိုတိုးပွားလာမည့်အပြင် နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် အခြားကဏ္ဍများအပေါ်တွင်လည်း များစွာအကျိုးသက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းခြင်း၊ လေဆိပ်အဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်မီးအပြည့်အဝရရှိခြင်း၊ ပို့ဆောင်မှုကောင်းမွန်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အပြန်အလှန်အားဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ကိုင်နေသည့် ဌာနများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

❖ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံး အတူတကွပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင်ရေးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ သက်မွေးပညာနှင့်အဆင့်မြင့်ပညာရပ်များ ထွန်းကားရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ သက်မွေးပညာဦးစီးဌာန အစရှိသောဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို ကြိုဆိုပါသည်။ ❖

# More than 80 hotels and lodges in Mon State running operation under licence of Mon State tourism work committee


The magnificent Kyaikhtiyo Pagoda in Mon State.

**Mawlamyine September 26**

More than 80 hotels and lodges are being run in Mon State with the licence of state tourism work committee to provide more than 3,100 rooms to travellers, according to the Ministry of Hotels and Tourism.

Mon State shares border with Kayin State, Bago and Taninthayi regions and Kanchanaburi of Thailand. Hsandawshin Kyaikhtiyoe, Kyaikhtisaung and Kelasa pagodas, Kyaukpi arahat statue, Kusinayon, and laterite walls and forts of Mon ethnics near Zokthok Village in Bilin Township, Winphone Hill and natural cave, Zingyaik Hill, Kyaikkhami midstream pagoda, Setse beach, Thanbyuzayat war cemetery, the death railway and Wegali hot spring are attractive local and foreign travellers.

Mon State government leads preparations to give services to travellers leading to Mon State in open season. As such, hotels and lodges are being renovated and upgraded whereas tour companies were opened as well as new tour packages and destinations explored with the assistance of the Directorate of Hotels and Tourism in Mon State.

As such, 88 hotels and lodges have been renovated in Mon State up to August 2023 to provide 3,141 rooms to local and foreign travellers.

The state directorate has given Enchanting Myanmar Health & Safety Protocol recognition certificates at Mon State level to 76 hotels and lodges. Of them, 29 hotels and lodges which have received the state level certificates have given the national level certificates.

Currently, local tourism authorities are overseeing renovating more than 100 colonial era buildings in Mon State as city tour sites, setting private hospitals for foreigners except crimes, screening the documentary films on tour sites and selling MSME products at hotels and lodges.

336

# Panko Corporation to extend investment in Myanmar with garment, thread, dyeing industries

**Yangon September 26**

Panko Corporation from the Republic of Korea decided to expand its investments in the manufacturing of fabric production, manufacturing of garment products and dyeing, according to the UMFCCI press release on 23 September.

The businesspersons from Panko Corporation held a talk with UMFCCI's President U Aye Win and officials at the UMFCCI office on 22 September.

The company has put its investments in the garment industries in Myanmar. Its factories are located in Bago of Bago Region.

The Korean company decided to put its investments in manufacturing of thread in Myanmar in addition to woven thread production and dyeing process.

Panko Corporation Chairman Mr Youngjoo Choi and Korean businesspersons held a meeting with UMFCCI President U Aye Win at the UMFCCI headquarters on 22 September. The Korean business delegation comprised Mr. Kevin Oh, Spinners & Weavers Association of Korea Chairman Mr Joon Kim, Hyup Sung Group Chairman Mr Kyungmin Kwon, Mr. Kihong Cheon (PhD), and experienced Korean businesspersons.


Panko Corporation officials visit a garment industry.

Both sides discussed that Panko Corporation plans to cooperate with the federation in manufacturing sector, investment, extension of garment factories and assistance for investors.

336

# Betel growers from Kyaiklat earn good income

**Kyaiklat September 26**

Betel leaf growers in Kyaiklat Township, Pyapon District, Ayeyawady Region are getting the highest price of 7,500 kyats per viss, said Daw Thu Thu Aung, the owner of a betel wholesale dealer in Kyaiklat Township.

In Kyaiklat Township, during the months of July and August of this year, the price of betel leaf was only 4,000 to 4,500 kyats per viss, and from the first week of September until today, the highest price of betel leaf was 5,500 to 7,500 kyats per viss. It is said that the good price of betel leaf is due to the low production of betel leaves in the area.

"The price is getting better every month. We can't get good quality betel leaf at a good price. In July and August, the price was only 4,000 and 4,500 per viss. Now, due to floods, strong winds and heavy rains in some areas, the price of betel leaves has increased exponentially. We can say that we have the highest betel price this year," she said.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar prepares to grow crops as strong El Niño likely to come this year

**Nay Pyi Taw September 26**

As El Niño is likely to escalate this year, preparations will be made and cooperation sought between the relevant departments and the private sector for growing crops, according to the Union of Myanmar Federation of Chambers of Commerce and Industry.

According to global meteorological forecasts, this year may see the most intense El Niño climate. A strong El Niño is likely to come in September. Though it is forming in the Pacific Ocean, the southern part of ASEAN including Myanmar may be affected as well. There will be a situation where crops can be harmed. This is why the global community is storing crops for food security.


Myanmar is also preparing to confront the climate and collect crops. Meanwhile, there can be chances to improve exports as well. In this context, ground situations should come to the relevant departments for the yields, security and exports of crops.

Coordinated measures will start this month and cooperation will be sought with the private sector, according to the UMFCCI.

336


Disaster preventive measures being taken in a crop field.

# Myanmar operates over 2,300 hotels and guesthouses mostly in Mandalay, Yangon, and Shan till August 2023



Inlay Lake seen with floating houses and leg rowers.

**Nay Pyi Taw September 26**

More than 2,300 hotels and guesthouses are operating, and most of them are operating in Mandalay, Yangon regions, and Shan State as of August 2023, according to the Ministry of Hotels and Tourism.

Before the Covid-19, 4.36 million foreign tourists visited Myanmar in 2019, earning foreign income of US$2,818 million. Then, due to the events of the Covid-19 pandemic, the number of international tourists dropped to 0.13 million in 2021. The events of the Covid-19 outbreak were controlled to a certain extent, assisted in reviving the Myanmar tourism market. In 2022, 0.233 million foreign tourists visited Myanmar earning US$249 million.

Now, for the recovery of the tourism market in Myanmar, the Ministry of Hotels and Tourism, relevant state and regional organizations, the Myanmar Tourism Federation and tourism-related associations are promoting international cooperation.

According to these actions, 2,380 hotels and guest houses throughout Myanmar are operating until August 2023 in accordance with the rules and regulations.

336

# Sea distress call sparks suspected drugs operation

**Dublin September 26**

Emergency services attended a boat at the centre of a major Irish security operation against suspected drug smuggling after it sent out a distress call, the Irish Coast Guard has said.

The fishing trawler ran aground on Sunday night off County Wexford, along the southern coast of Ireland.

It sparked a multi-agency response involving the Irish Naval Service, Gardaí (Irish police), a lifeboat crew and a Coast Guard helicopter team.

Two men were winched to safety from the stricken fishing boat.

The two-day security operation is still continuing but both the Garda press office and Irish Naval Service have said they would not comment while the operation was ongoing.

According to a statement from the Irish Coast Guard, the boat sent out a distress call at about 22:10 local time on Sunday night.

The fishing vessel was aground on a sandbank off the coast of Blackwater, a few miles north of Rosslare Port.

Coast Guard helicopter R117, which is based in Waterford, was deployed to the scene.

Rosslare Harbour's Royal National Lifeboat Institution (RNLI) crews also received a launch request to assist the trawler.

BBC

# Oil mill owners can apply loans again if they haven't yet received the loans: Ministry of Industry

**Nay Pyi Taw September 26**

Entrepreneurs who have applied for oil mill loans for the first time can re-apply for the second time if they have not yet received the loans, according to reports from the Ministry of Industry.

Now, with the main objectives of ensuring the self-sufficiency of domestic consumption, reducing the import of cooking oil from abroad and producing quality cooking oil, oil industry development loans are being provided to private entrepreneurs.

The first oil mill loans have been provided after checking the criteria for oil mill development loans.

Private entrepreneurs have applied for the first round of oil mill loans, but some of the applicants have not yet received the loans.

In order to study and prepare the loan criteria for the development of oil mills, it has been published on the website of the Directorate of Industrial Supervision and Inspection under the Ministry of Industry and the website of the Ministry of Agriculture, Livestock and Irrigation.



An oil mill in operation.

336

# More than 170,000 local and foreign travellers visit Ngwesaung beach in Ayeyawady Region from Jan to Aug

**Pathein September 26**

Number of tourist arrivals at Ngwesaung Beach in Ayeyawady Region scored more than 170,000 during the period from January to August 2023, most of who came from China, India and Russia, said assistant director U Soe Win from the Ngwesaung Branch of the Directorate of Hotels and Tourism.

Ngwesaung Beach is capable of accommodating the travellers at home and abroad at 31 hotels and six lodges, totalling 37 with 1,831 rooms.

"Travellers leading to Ngwesaung Beach were 1,622 travellers from China, 597 from India, 196 from Russia, 180 from Japan, 141 from Thailand and 99 from the United States of America, totalling 6,899 during the period. Moreover, a total of 265,830 local travellers also visited there," he added.

Moreover, the directorate arranges opening of the information counters to provide necessary information about hotels and tourism services to travellers on the open season in addition to holding the tourism awareness seminar on the ASEAN tourism standards.

Local authorities have given directives to all hotels and lodges to keep themselves neat and tidy around them, with beautification of landscape, sidewalks and to arrange catering services with domestic foods to guests.

ASH

# Nagorno-Karabakh: Fuel depot blast kills 20 as refugee count doubles

**Berkadzor September 26**

An explosion at a fuel depot in Nagorno-Karabakh has killed 20 people and injured hundreds more, local Armenian authorities say.

Nearly 300 people were admitted to hospitals, with dozens of them "still in critical condition".

It comes as the Armenian government said 13,350 refugees had crossed into the country from the enclave.

The disputed region in Azerbaijan is home to a majority of some 120,000 ethnic Armenians.

It is not yet clear what caused the explosion on Monday evening near the main city of Khankendi, known as Stepanakert by Armenians.

Petrol stations were overwhelmed as thousands tried to leave the region, which was already suffering from a fuel shortage following a months-long blockade.

In a statement on Tuesday, local officials said 13 unidentified bodies were found at the scene of the explosion and seven more died in hospital.

They said doctors were working in "difficult and cramped conditions" to save lives and treat 290 patients with various degrees of burns.

BBC



Rescue and medical personnel work following an explosion in the gas warehouse near the Stepanakert-Askera highway in Berkadzor on 26 September.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းကို ATACMS တာဝေးပစ်ဒုံးကျည်များ ပံ့ပိုးပေးသွားမည်ဟု အမေရိကန် ပြောကြား



အမေရိကန်သည် ယူကရိန်းကို ATACMS တာဝေးပစ်ဒုံးကျည်များ ပံ့ပိုးပေးသွားမည်ဟု အဆိုပါကိစ္စနှင့် နီးစပ်သူများထံမှ ပြောကြားချက်များအပေါ် ကိုးကား၍ အမေရိကန်နိုင်ငံပိုင် သတင်းမီဒီယာများက စက်တင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက်က ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်တွေ့ဆုံစဉ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ATACMS ဒုံးကျည်များ ပေးအပ်သွားရန် ကတိပြုပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ ATACMS တာဝေးပစ်ဒုံးကျည်များပါဝင်သည့် အကူအညီပေးရေး Package ကို မည်သည့်အချိန်တွင် ကြေညာမည်နှင့် ယူကရိန်းနိုင်ငံသို့ အမှန်တကယ် ပို့ဆောင်ပေးမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးဘဲ အရေအတွက် အနည်းငယ်သာ ပေးအပ်နိုင်လိမ့်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမေရိကန် တာဝန်ရှိသူများက NBC News သတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်ကြည်းတပ်၏ နည်းဗျူဟာမြောက်ဒုံးကျည်စနစ်များဟု အမည်ပေးထားသော အဆိုပါ ATACMS တာဝေးပစ်ဒုံးကျည်များသည် မိုင် ၁၉၀ ကျော် (ကီလိုမီတာ ၃၀၀ ကျော်)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ယူကရိန်းနိုင်ငံသည် အမေရိကန်ထံမှ ၎င်းဒုံးကျည်အမျိုးအစားကို အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးသည်။ လွန်ခဲ့သောလအနည်းငယ်အတွင်းက အမေရိကန်အစိုးရသည် ၎င်းဒုံးကျည်များ ပေးအပ်မှုအပေါ် ငြင်းဆိုခဲ့မှုမှသည် စိတ်သဘောထားပြောင်းသွားပုံရှိသည်။

ATACMS ဒုံးကျည်များကို တပ်ဆင်ပစ်ခတ်ရန် ယူကရိန်းကို နောက်ထပ် ဒုံးပစ်လောင်ချာများ ပေးအပ်သွားဦးမည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ နောက်ထပ်ဒုံးပစ်လောင်ချာယာဉ်များ ထပ်မံမပေးပို့ပါက ယခင်က အမေရိကန်နှင့် အခြား NATO မဟာမိတ်များက ယူကရိန်းသို့ ပံ့ပိုးပေးခဲ့သည့် HIMARS ဒုံးပစ်လောင်ချာများနှင့် ၎င်းအုပ်စုဝင် အခြားဒုံးပစ်လောင်ချာစနစ်များမှလည်း အဆိုပါဒုံးကျည်များကို တပ်ဆင်ပစ်ခတ်နိုင်မည်ဖြစ်သည်။

ဒုံးကျည်များတွင် သေးငယ်သောဗုံးဒါဇင်များစွာပါဝင်သည့် အငြင်းပွားဖွယ် အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သော ပဒေသာဗုံးထိပ်ဖူးများ ပါဝင်ဖွယ်ရှိကြောင်းသတင်းရင်းမြစ် အများအပြားက Washington Post သို့ပြောကြားခဲ့သည်။

အဆိုပါ သတင်းရင်းမြစ်များက ဒုံးကျည်အမျိုးအစား ပံ့ပိုးရာတွင် ပဒေသာဗုံးထိပ်ဖူးပါဗားရှင်းကို မည်သည့်အတွက်ကြောင့် ရွေးချယ်ပေးအပ်ခဲ့သည်ကိုမူ ရှင်းရှင်းလင်းလင်း ပြောကြားသွားခြင်းမရှိပေ။ ပဒေသာဗုံးထိပ်ဖူးတပ် ATACMS ဒုံးကျည်များသည် အရွယ်အစားကြီးမားသော ထိပ်ဖူးတပ်ဆင်ထားသည့် အမျိုးအစားများထက် အမေရိကန်လက်နက်တိုက်များတွင် ပိုမိုလွယ်ကူစွာရနိုင်သည့်အတွက်ဟု ကောက်ချက်ချနိုင်သည်။

ယခုနှစ်အစောပိုင်းက အမေရိကန်နိုင်ငံသည် NATO စံနှုန်း ၁၅၅ မမ အမြောက်ကျည်များ ပံ့ပိုးပေးရာတွင် ခဲယမ်းပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည့်အတွက် ပဒေသာဗုံးများပါ အမြောက်ကျည်များကို ယူကရိန်းထံ ပေးပို့သွားရန်ခွင့်ပြုခဲ့ပြီး အမေရိကန်နိုင်ငံ၏ အရင်းနှီးဆုံး မဟာမိတ်နိုင်ငံများကပင် အဆိုပါတားမြစ်ထားသော ခဲယမ်းပံ့ပိုးပေးမှုများအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့သည်။

နှစ်ပေါင်းများစွာတိုင် မပေါက်ကွဲဘဲ မကွဲခဲယမ်းများအဖြစ် ကျန်ရှိနေနိုင်သောကြောင့် အရပ်သားများအပေါ် ခြိမ်းခြောက်မှုမြင့်မားကာ စစ်မြေပြင်ကို အကျည်းတန်အရုပ်ဆိုးစေနိုင်သည့် ခဲယမ်းများအဖြစ် အသုံးပြုတိုက်ပွဲဝင်ခြင်းမပြုရန် ကမ္ဘာ့နိုင်ငံအများအပြားက တားမြစ်ပိတ်ပင်ထားခြင်းဖြစ်သည်။

**US to supply Ukraine with ATACMS missiles – media ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ဒုံးကျည်များနှင့်ယူရေနီယံကျည်သိုလှောင်ရုံလက်နက်တိုက်များကို တိုက်ခိုက်ခဲ့ဟု ရုရှားပြောကြား



ယူကရိန်း၏ ဒုံးကျည်များနှင့် ယူရေနီယံခဲယမ်းကျည်သိုလှောင်ရုံ လက်နက်တိုက်များကို ရုရှားတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက် သတင်းထုတ်ပြန်ချက်တွင် ပြောကြားထားကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်းနိုင်ငံ ဒေသအသီးသီးရှိ ပစ်မှတ်များကို စက်တင်ဘာ ၁၇ ရက်ကတည်းက အုပ်စုဖွဲ့တိုက်ခိုက်မှု ၁၂ ကြိမ်ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပစ်မှတ်များအနေဖြင့် ယူကရိန်းတို့၏ လေယာဉ်နှင့်သံချပ်ကာယာဉ်များ၊ ပြုပြင်ရေးအဆောက်အအုံများ၊ ရေနံချက်စက်ရုံများ၊ ခဲယမ်းမီးကျောက်များနှင့်ပြည်ပထုတ်လက်နက်ခဲယမ်းသိုလှောင်ရုံများ၊ ယူကရိန်းအကြမ်းဖက်သမားများအတွက် လေ့ကျင့်သင်တန်းပေးရေး ဌာနချုပ်များနှင့်နိုင်ငံခြားကြေးစားစစ်သားများ တပ်စွဲထားသည့်နေရာများပါဝင်သည်။

တိုက်ခိုက်မှုအတွင်း တိကျပဲ့ထိန်းတာဝေးပစ်မြေပြင်နှင့် ဝေဟင်အခြေပြုဒုံးကျည်များနှင့်ဒရုန်းများကို အသုံးပြုခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

"တိုက်ခိုက်မှုတွေရဲ့ ရလဒ်အနေနဲ့ Kherson နဲ့ Zaporozhye လမ်းကြောင်းတွေမှာဖြန့်ကြက်တပ်စွဲထားတဲ့ ယူကရိန်းတပ်မတော်ရဲ့ထောက်ပံ့ပို့ဆောင်ရေးစနစ် သိသိသာသာ ပျက်စီးခဲ့ရပါတယ်"ဟုရုရှားကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ယူကရိန်းကို အနောက်နိုင်ငံတွေက ကျောထောက်နောက်ခံပေးထားတဲ့ ခရုဇ်ဒုံးကျည်တွေနဲ့ စွန့်ပစ်ထားတဲ့ ယူရေနီယံပါခဲယမ်းတွေ ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။ ပြည်ပထုတ် ဒုံးကျည်အများအပြားနဲ့ လေကြောင်းရန် ကာကွယ်ရေးစနစ်တွေလဲ ထိမှန်ပျက်စီးခဲ့ပါတယ်"ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Yevgenyevich Konashenkov က ပြောကြားသည်။

ယူကရိန်းသည် ဗြိတိန်နှင့် ပြင်သစ်တို့ထံမှ Storm Shadow/SCALP-Eg တာဝေးပစ် ခရုဇ်ဒုံးကျည်များကို ယခုနှစ်အစောပိုင်းက လက်ခံရရှိခဲ့သည်။ အဆိုပါ ခရုဇ်ဒုံးကျည်များကို ကရိုင်းမီးယားအပါအဝင် ရုရှားနိုင်ငံ ပိုင်နက်အတွင်းပိုင်းကို ပစ်မှတ်ထားတိုက်ခိုက်ရန်အတွက် ယူကရိန်းက အသုံးပြုခဲ့သည်။

စက်တင်ဘာ ၂၂ ရက်က Sevastopol မြို့ရှိ ရုရှားပင်လယ်နက်ရေယာဉ်စုဌာနချုပ်ကို ယူကရိန်းတို့တိုက်ခိုက်မှုတွင် Storm Shadow ခရုဇ်ဒုံးကျည်များကို အသုံးပြုခဲ့ကြောင်း Sky News သတင်းဌာန၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်များမှ ဝင်ရောက်လာသောခရုဇ်ဒုံးကျည်ငါးစင်းကို ပစ်ချနိုင်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော်လည်း ဒုံးကျည်အပျက်အစီးများက အဆောက်အအုံကို ထိမှန်ပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုအပြီးတွင် ရုရှားစစ်သားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် မတ်လကတည်းက ယူကရိန်းသို့ စွမ်းအားနိမ့် ယူရေနီယံအမြောက်ကျည်၊ ခဲယမ်းများပံ့ပိုးပေးခဲ့သည်။ အငြင်းပွားဖွယ် အဆိုပါယူရေနီယံခဲယမ်းများကို လန်ဒန်မြို့မှယူကရိန်းသို့ ပံ့ပိုးပေးခဲ့သော Challenger 2 တင့်ကားများတွင် အသုံးပြုရန်ရည်ရွယ်ထားသည်။

Abrams M1 တင့်ကားများတွင် စွမ်းအားနိမ့် ယူရေနီယံကျည်များတပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အမေရိကန်က ကြေညာခဲ့သည်။

အနောက်နိုင်ငံများမှ စွမ်းအားနိမ့် ယူရေနီယံကျည်များ ယူကရိန်းသို့ ပို့ဆောင်နေခြင်းသည် အလွန်ဆိုးရွားသောသတင်းဖြစ်သည်ဟု ကရင်မလင်နန်းတော်သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြီးခဲ့သောရက်သတ္တပတ်က ပြောကြားခဲ့သည်။

**Ukrainian missile stocks and depleted-uranium shells destroyed – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ဧက ၁၃၄၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၉၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ပူးစားပြောင်း ၉၉၅ ဧကစိုက်ပျိုးဖို့ လျာထားတာ။ လက်ရှိဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပါပြီ။ လက်ရှိလျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ ပြောင်းသီးနံ စိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာကြပါတယ်။ ပြောင်းသီးနံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၈၆ ဧကနှင့် ပူးစားပြောင်း ၁၂၅၄ ဧက စုစုပေါင်းဧက ၁၃၄၀ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၃၁ ဧကနှင့် ပူးစားပြောင်း ၉၆၄ ဧက စုစုပေါင်း ၉၉၅ ဧက ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ဧရာဏ် ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းတုန်းမြို့နယ် အင်းလည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အင်းလည်ကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စုရပ်၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်ကာလသတ်မှတ်ချက်များ၊ အတိုးဆပ်ကာလ သတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူးက ချေးငွေများ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အင်းလည်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် အင်းလည်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၅၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

# ကွမ်းလုံမြို့နယ် (၃၉) မိုင်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွမ်းလုံ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက (၃၉) မိုင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၁၄၅ သန်းဖြင့် ဆောင်ရွက်သည့် (၃၉) မိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများနှင့်ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများကို ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ကွမ်းလုံမြို့နယ် (၃၉)မိုင် ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အရှည်သုံးမိုင်နှင့် ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် BCD ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၆-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွှေဧိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



# မြန်မာ-ရုရှားနှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နီကော့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကိုယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းကဏ္ဍတွင် ရုရှားကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာပံ့ပိုးကူညီရေးကိစ္စရပ်များ၊ (၆)ကြိမ်မြောက် ရုရှားစွမ်းအင်ဖိုရမ်သို့ တက်ရောက်စဉ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ၊ Seimic လုပ်ငန်းများ၊ရေနံချက်လုပ်ခြင်းလုပ်ငန်းများတွင် ရုရှားကုမ္ပဏီများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုလျက်ရှိသည့် သုံးစွဲသူများကိုအကာအကွယ်ပေးနိုင်ရန်၊ မိုဘိုင်းဆက်သွယ်ရေးစနစ်ကိုအခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကိုလိမ်လည်မှုများမှကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ဆင်းကတ်များလွှဲပြောင်း၊ ရောင်းချသူများအနေဖြင့် သုံးစွဲသူများကို စနစ်တကျမှတ်ပုံတင်ပြီးမှသာ လွှဲပြောင်း၊ရောင်းချစေရန်နှင့် စနစ်တကျမှတ်ပုံတင်ခြင်းမရှိဘဲ လွှဲပြောင်း၊ရောင်းချမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ဥပဒေကြောင်းအရ အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိလိုက်နာနိုင်စေရန်ရည်ရွယ်ပြီး **SIM Card များကို စနစ်တကျမှတ်ပုံတင်၍ရောင်းချခြင်းနှင့်လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း** အမိန့်ကြော်ငြာစာကို စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ကြေညာထားပါသည်။

အမိန့်ကြော်ငြာစာအပြည့်အစုံကို https://www.motc.gov.mm နှင့် https://www.ptd.gov.mm တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ဖျက်ဆီး၍ ကုန်ပစ္စည်း ရှားပါးပြတ်လပ်က ပြည်သူတွေ စားဝတ်နေရေးခက်ခဲအောင် ပြုလုပ်နေတဲ့ NUGနဲ့ PDF အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၂၇-၉-၂၀၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**"နိုင်ငံ့အနာဂတ်အတွက် ပညာရေးပန်းများပွင့်လန်းစေချင်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Messageပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ မြို့နယ်အသင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့်တတိယဆုရ ခရိုင်အသင်း၊အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့်တတိယဆုရ ခရိုင်အသင်းတို့ကို ကစားသမားတစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမဆုရ အမရပူရမြို့နယ်အသင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းနှင့် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ ပြင်ဦးလွင်မြို့နယ်အသင်းတို့ကို ပထမတံခွန်စိုက်ဆုဖလားများနှင့်ငွေသားဆုများကိုလည်းကောင်းချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

## အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများနေ့

**INTERNATIONAL DAY OF OLDER PERSONS**

" သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၂၃ နေပြည်တော်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လှိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ခင်မြင့်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

၁။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဘုရားကြီးဘုရားအနီး ဆည်မြောင်းတိုးချဲ့ရပ်ကွက် သရဖီလမ်း အိမ်အမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၉-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၇-၉-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အကျိုးရလဒ်အဖြစ် ကဏ္ဍပေါင်းစုံ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညက်ထွန်းသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်အဖြစ် ကဏ္ဍပေါင်းစုံအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံက ယခင်ကာလများကပင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှု၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုများမှ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အပူစွမ်းအင်စီမံကိန်းများတွင် ရုရှားကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာစီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြုခွဲစိတ်လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး တပ်မှူး၊ တပ်မတော်ဆေးသုတေသနတပ် တပ်မှူး၊ တပ်မတော်အရိုးရောဂါ အငြိမ်းစားပါမောက္ခတပ်မှူးကြီးများ၊ ဖိတ်ကြားထားသော တပ်မှူးကြီးများ၊ ပါရဂူကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာန ပါမောက္ခ၊ ဌာနမှူး၊ တပ်မတော်မှ အရိုးအထူးကုဆရာဝန်များ၊ အိန္ဒိယနိုင်ငံမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုဟစ်ရှာမားနှင့် တပ်မတော်ဆေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)တို့မှ အရိုးရောဂါပညာ ဆေးလက်တွေ့ပါရဂူနှင့် ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၅ ရက်ထိ ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် ကျင်းပသွားမည်ဖြစ်ပြီး Pre-Conference Workshop တွင် ပြည်တွင်းပြည်ပမှ အတွေ့အကြုံရင့်ကျက်သည့် ပါမောက္ခပညာရှင်ကြီးများက တက်ရောက်လာကြသူများအားလုံးကို ပြုပြင်အစားထိုးခွဲစိတ်ကုသမှု နည်းစနစ်များကို အယူအဆအတွေးအခေါ်ပိုင်းကို အခြေခံ၍ လက်တွေ့လုပ်ကိုင်နိုင်သည်အထိ သက်မဲ့ဆရာ(Silent Mentor)များကို အသုံးပြု၍ လက်တွေ့သရုပ်ပြသင်ကြားဆွေးနွေးခြင်းနှင့် Online မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရိုးဆရာဝန်များကို Webinar တွင် တိုက်ရိုက်ထုတ်လွှင့်၍ သင်ကြားမှုများ နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်သည်။

ဤအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူငယ်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စစ်ဘက်၊နယ်ဘက်မှ ပါမောက္ခဆရာဝန်ကြီးများ၊ ပြည်ပမှ ပညာရှင်ကြီးများနှင့် တိုက်ရိုက်ထိတွေ့သင်ကြားဆွေးနွေးနိုင်ခဲ့ပြီး သက်မဲ့ဆရာ (Silent Mentor) အသုံးပြုလက်တွေ့လေ့ကျင့်နိုင်ခဲ့ခြင်းကြောင့် အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကုသသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဈေးတန်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင် နှစ်ဦးကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ထို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## စက်တင်ဘာ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၈၈ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကိုကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁၇ ဦးနှင့် မိသားစုဝင် ခြောက်ဦးတို့က လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ ကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အင်းတိုင်တပ်နယ်ကိုယ်စားပြုအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲပိတ်ပွဲနှင့်ဆုပေးပွဲကို စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပိတ်ပွဲ ပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ၊ ဝိတ်တန်းအလိုက် ဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ် ကိုယ်စားပြုအသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၅ ရက်ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။


ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၁ နှစ်အရွယ်အပြစ်မဲ့အရပ်သားကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၁၇၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အပြစ်မဲ့အရပ်သားဒေသခံပြည်သူများနေထိုင်လျက်ရှိသည့် ကျေးရွာအတွင်းသို့ ထိခိုက်ပျက်စီးစေလိုသည့် ရည်ရွယ်ချက်ဖြင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် ၁၁ နှစ်အရွယ် အပြစ်မဲ့အရပ်သား ကလေးငယ် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ဝင်များသည် အဆိုပါကျေးရွာ၏ အနောက်တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် TNLA အဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့အရပ်သားကလေးငယ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နမ့်ဖတ်ကာပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ့်ဖတ်ကာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မြနဒီကျောင်းတိုက် သာသနာ့ရက္ခိတ ဗိမာန်တော်ကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ပြုလုပ်စဉ်။

# ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပပြုလုပ်သည့် အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ပြုလုပ်ရာ ကျိုင်းတုံမြို့နယ် သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်ကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ရေချမ်း၊ဆီမီးနှင့် ဆွမ်းကပ်လှူပူဇော်သည်။ ထို့နောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သာသနာ့ဝေပုလ္လ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇယက ရောင်ခြည်တော် ဖွင့်ဂါထာကို ရွတ်ဆိုပူဇော်သည်။ ဆက်လက်၍ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် မိုင်းခွန်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တကေသရက ပဋ္ဌာန်းအဖွင့်ဂါထာကို ရွတ်ဖတ်ပြီး ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သံပြိုင်ရွတ်ဆိုပူဇော်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များကိုနေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပပြုလုပ်သည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၃၀ ရက်ထိ ငါးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးဖြင့် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Yient Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ အောင်စန်းထွေးကို မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "San Ko အမေ့သား 2" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့နယ် စဝ်စံထွန်းရပ်ကွက်နေ ဆန်းကိုကို ညနေ ၄ နာရီတွင်လည်းကောင်း၊ "Zay Min Htut Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဇေမင်းထွဋ်အောင်ကို ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့သို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နယ်မြေခံတပ်ရင်း၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဉပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အန္တာတိကရေခဲပြင်ဧရိယာ သိသိသာသာလျော့ကျလာကြောင်း NSIDC ထုတ်ပြန်



**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် အမျိုးသား နှင်းနှင့် ရေခဲဒေတာ စင်တာ(NSIDC)က အန္တာတိက ရေခဲပြင်ဧရိယာပမာဏသည် သိသိသာသာလျော့ကျလာသည်ဟု စက်တင်ဘာ ၂၅ ရက်က သုတေသနရလဒ်နှင့်တကွ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုကြောင့် ရေခဲထုအရည်ပျော်ကျမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ရေခဲပြင်ဧရိယာမှာ စံချိန်တင်လျော့ကျလာခဲ့ခြင်းဖြစ်ကြောင်း၊ ရေခဲပြင်ဧရိယာလျော့ကျလာသည့်ပမာဏသည် ၁၉၇၉ ခုနှစ်နောက်ပိုင်း စံချိန်တင်လျော့ကျခဲ့ခြင်းဖြစ်ပြီး အန္တာတိကရေခဲပြင်တွင် အအေးဓာတ်ကျဆင်းလာမှုကို ပြသနေကြောင်း၊ လက်ရှိအန္တာတိကရေခဲပြင်တွင် ရေခဲပြင်ပမာဏမှာ ၁ ဒသမ ၀၃ သန်း စတုရန်းကီလိုမီတာသာရှိနေပြီး ၂၀၂၃ ခုနှစ် ဆောင်းရာသီ အအေးဓာတ်မြင့်တက်မှုအပေါ် ရေခဲပြင်ပမာဏ အပြောင်းအလဲရှိလာနိုင်ကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၂၃ ခုနှစ် ဆောင်းရာသီတွင် အန္တာတိကရေခဲပြင် အကျယ်မှာ အများဆုံး ၁ ဒသမ ၇၉ သန်း စတုရန်းကီလိုမီတာထိသာ မြင့်တက်ဖွယ်ရှိနေကြောင်း NSIDC က ထုတ်ပြန်ခဲ့သည်။

"အန္တာတိကရေခဲပြင်မှာ ရေခဲပြင်ပမာဏ စံချိန်တင်လျော့ကျနေပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် အပူချိန်မြင့်တက်လာပြီး ရေခဲပြင်အရည်ပျော်ကျနေတယ်။ ၁၉၇၉ ခုနှစ်နောက်ပိုင်း ရေခဲပြင်အများဆုံးအရည်ပျော်ကျမှု ဖြစ်ပေါ်နေတဲ့အတွက် ရေခဲပြင်ဧရိယာက သိသိသာသာလျော့ကျလာတာလဲဖြစ်ပါတယ်"ဟု အမျိုးသား နှင်းနှင့် ရေခဲဒေတာစင်တာ (NSIDC)မှ သိပ္ပံပညာရှင် ဝက်မီယာက ပြောကြားခဲ့သည်။

ကမ္ဘာ့မြေကြီးပူနွေးမှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးသရွေ့ အနာဂတ်တွင်လည်း အလားတူ ရေခဲပြင်အရည်ပျော်ကျမှု ထပ်မံဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်းလည်း အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသား နှင်းနှင့် ရေခဲဒေတာစင်တာ (NSIDC)က သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : France24**
**Trs : Sai Sat**

# ဂွါတီမာလာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပွားသဖြင့် လူခြောက်ဦးသေဆုံးပြီး ၁၃ ဦးပျောက်ဆုံးနေ

**ဂွါတီမာလာစီးတီး စက်တင်ဘာ ၂၆**

ဂွါတီမာလာနိုင်ငံတွင် စက်တင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပွားသဖြင့် လူခြောက်ဦးသေဆုံးပြီး ၁၃ ဦးပျောက်ဆုံးနေသည်ဟု ဂွါတီမာလာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုသည် ဂွါတီမာလာမြို့တော်တွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး လက်တကပ်မြစ်ရေ လျှံတက်မှုကြောင့်လည်း မြေပြိုကျမှုအခြေအနေပိုဆိုးရွားခဲ့ကြောင်း၊ ရေစီးနှင့်အတူ နေအိမ်ခြောက်လုံးမျောပါသွားခဲ့ပြီး ဒေသခံအမြောက်အမြားဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ပျောက်ဆုံးနေသူများကို အမြန်ဆုံးရှာဖွေတွေ့ရှိရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများက အားသွန်ခွန်စိုက် ဆောင်ရွက်နေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကိုလည်း ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း ဂွါတီမာလာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီ Conred က ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် သေဆုံးသူခြောက်ယောက်ရဲ့ ရုပ်အလောင်းကို သယ်ထုတ်နိုင်ခဲ့ပါပြီ။ ပျောက်ဆုံးနေသူ ၁၃ ယောက်ရှိနေသေးတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးရှာဖွေတွေ့ရှိဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ သေဆုံးသူ ခြောက်ယောက်ရဲ့ ရုပ်အလောင်းတွေက အမျိုးသမီးငယ်တစ်ယောက်နဲ့အရွယ်မရောက်သေးတဲ့ ကလေးငယ် ငါးယောက် ပါဝင်နေပါတယ်။ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ မြေပြိုကျမှုတွေကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကယ်ဆယ်ရေးဝန်ထမ်းတွေအတွက်လဲ အသွားအလာကန့်သတ်ချက်တွေရှိပါတယ်"ဟု ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ဂွါတီမာလာမီးသတ်တပ်ဖွဲ့မှ အကြီးအကဲ ဆာဂီယိုကာဘာနက်စ်က ပြောကြားခဲ့သည်။

ဂွါတီမာလာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုမတိုင်မီ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၂၉ ဦးထိရှိခဲ့ကြောင်း Conred က ထုတ်ပြန်ခဲ့သည်။

**Ref : CTV News**
**Trs : Sai Sat**

# လစ်ဗျားနိုင်ငံတွင် ဒန်နီယယ်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားစဉ် ဆည်နှစ်ခုပြိုကျခဲ့သဖြင့် အစိုးရအရာရှိ ရှစ်ဦးကို စုံစမ်းစစ်ဆေးနေ

**ထရီပိုလီ စက်တင်ဘာ ၂၆**

လစ်ဗျားနိုင်ငံတွင် ယခုလအစောပိုင်းက ဒန်နီယယ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားစဉ် ဆည်နှစ်ခုပြိုကျခဲ့သဖြင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အစိုးရအရာရှိ ရှစ်ဦးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု လစ်ဗျားအစိုးရရှေ့နေချုပ်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၀ ရက်က ဒန်နီယယ်မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားစဉ် ဒါနာမြို့ အနီးရှိ ဆည်နှစ်ခုပြိုကျကာ ရေများ ဒလဟောစီးဆင်းမှုကြောင့် အဆိုပါမြို့၏ လေးပုံတစ်ပုံခန့် ရေနစ်မြုပ်ခဲ့ပြီး လူနေရပ်ကွက်များမှအဆောက်အအုံများနှင့်လူများ ရေနှင့်မျောပါသေဆုံး၊ ပျက်စီးမှုများဖြစ်ပွားခဲ့ရာ ခန့်မှန်းခြေ သေဆုံးသူ ဦးရေ ၁၁၀၀၀ ကျော်ရှိကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များအရ သိရသည်။



အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စီမံခန့်ခွဲမှု လွဲမှားမှု၊ ပေါ့ဆမှုနှင့် အခြား မှားယွင်းစွာလုပ်ဆောင်မှုများပါဝင်ကြောင်း စွပ်စွဲချက်များဖြင့် ရေအရင်းအမြစ်နှင့် ဆည်မြောင်းများ စီမံခန့်ခွဲရေးဌာနမှ ယခင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိခုနစ်ဦးအပါအဝင် အရာရှိ ရှစ်ဦးကို ထိန်းသိမ်းကာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆည်များကို ၂၀၀၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ဆည်များ ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ နှစ်သန်းကျော် ပြင်ဆင်ရေးဘတ်ဂျက်ချပေးခဲ့သော်လည်း ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်မှုများ လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ဟု ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံပိုင် စာရင်းစစ်ဌာနတစ်ခု၏ အစီရင်ခံစာတစ်ခုက ဖော်ပြခဲ့ဖူးသေးကြောင်း သိရသည်။

**Ref : CTV News**
**Trs : AZH**

# တောမီးလောင်ကျွမ်းမှုကြောင့် နေရပ်စွန့်ခွာခဲ့ရသော ဟာဝိုင်ရီပြည်နယ်ဒေသခံများကို နေရပ်ပြန်ခွင့်ပြု

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်တွင် ယခုနှစ် ဩဂုတ် ၈ ရက်က တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေရပ်စွန့်ခွာခဲ့ရသော ဒေသခံ ထောင်ပေါင်းများစွာကို သက်ဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်က နေရပ်သို့ ပြန်လည်ကြည့်ရှုခွင့်ပြုခဲ့သည်ဟု အရေးပေါ်စီမံခန့်ခွဲမှုဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် Maui ကောင်တီ လဟိုင်းနားမြို့တွင် ဩဂုတ် ၈ ရက်က တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါမြို့မှ နေရပ်စွန့်ခွာခဲ့ရသော ဒေသခံထောင်ပေါင်းများစွာကို သက်ဆိုင်ရာအာဏာပိုင်များက စက်တင်ဘာ ၂၅ ရက်တွင် ၎င်းတို့၏နေရပ်သို့ ပြန်လည်ကြည့်ရှုခွင့်ပြုခဲ့ကြောင်း သိရသည်။

တောမီးကူးစက်လောင်ကျွမ်းခဲ့သော လဟိုင်းနားမြို့ ဒေသခံများကို မြို့တော်အရေးပေါ်စီမံခန့်ခွဲမှုဌာန၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်နိုင်ရန် သွားရောက်ကြည့်ရှုခွင့်ပြုခဲ့ပြီး တာဝန်ရှိသူများက ကားအစီးရေ ၂၄ စီးခန့်ဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နေရပ်သို့ ပြန်လည်ကြည့်ရှုခွင့်ပြုခဲ့သော ဒေသခံများကို အဆိပ်အတောက်ဖြစ်စေနိုင်သဖြင့် ဖုန်မှုန့်များနှင့်ပြာများကို ကိုင်တွယ်ခြင်းမပြုကြရန် တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ဒေသခံများအတွက် နှာခေါင်းစည်း၊ ရေ၊ နားခိုရန်နေရာ၊ ဆေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပို့ဆောင်ရေးအစီအစဉ်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါဒေသတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အနည်းဆုံးလူ ၉၇ ဦး သေဆုံးခဲ့ပြီး အဆောက်အအုံ ၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**Ref : NPR**
**Trs : AZH**

# ဩစတြေးလျနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ပြီး အပူချိန်မြင့်တက်နေသဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေ

**ကင်ဘာရာ စက်တင်ဘာ ၂၆**

ဩစတြေးလျနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ပြီး အပူချိန်မြင့်တက်နေသဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေသည်ဟု ဩစတြေးလျဘဏ္ဍာရေးဝန်ကြီး ဒေါက်တာချယ်လ်မာက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

လာမည့်နှစ်ပေါင်း ၃၀ အတွင်း၌ ဩစတြေးလျနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ် တစ်နှစ်လျှင် စိုက်ပျိုးရေးကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံထိ ဆုံးရှုံးရဖွယ်ရှိကြောင်းလည်း ဒေါက်တာချယ်လ်မာက သုံးသပ်ပြောကြားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုရဲ့ရိုက်ခတ်မှုကြောင့် ဩစတြေးလျနိုင်ငံအတွင်း ဆုံးရှုံးနစ်နာမှုတွေများခဲ့ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လိုအပ်တယ်။ လက်ရှိအခြေအနေအတိုင်းသာဆိုရင် ၂၀၆၃ ခုနှစ်လောက်ကျရင် ဩစတြေးလျနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍက နှစ်စဉ် တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံထိ ဆုံးရှုံးနစ်နာဖွယ်ရှိနေတယ်။ ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေတာ ဒီထက်ပိုပြီးတော့ အရှိန်မြှင့်တင်ဖို့ လိုအပ်နေတယ်။ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းတွေအတွက် Disaster Recovery Funding Arrangements အဖွဲ့ရဲ့အစီအစဉ်နဲ့ ဆောင်ရွက်နေတာတွေတော့ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့လဲ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဩစတြေးလျဒေါ်လာ ၃၃၅ သန်း ပြုလုပ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်မှာလဲ ဩစတြေးလျဒေါ်လာ ၂ ဒသမ ၅ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါတယ်"ဟု ဒေါက်တာချယ်လ်မာက ပြောကြားခဲ့သည်။

**Ref : The West**
**Trs : Sai Sat**

# ကျွန်တော်ကြုံခဲ့ဖူးသော နာနာဘာဝ ဝိနာဘာဝများ

မင်းယဉ်စု

ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေပေမဲ့ တစ်ခါတလေကျတော့ အဖျက်အမှောင့်ဆိုတာက မထင်မှတ်တဲ့နေရာကနေ မမျှော်လင့်ဘဲ ဝင်လာတတ်တယ်နော်။

ကျွန်တော့်သားလေးပေါ့။ သူက နိုင်ငံခြားသွားသင်္ဘောသား၊ Second Mate (FG) တစ်ယောက်လေ။ အိမ်ထောင်ကျပြီး သင်္ဘောနှစ်ခေါက်လောက်လိုက်ပြီးတော့ (မိန်းမနဲ့မခွဲနိုင်လို့လားမသိ) ဆက်မလိုက်တော့ဘူး။ မြေညီထပ်တိုက်ခန်း တစ်ခန်းငှားပြီး ဆိုင်ဖွင့်တယ်။ မုန့်ဟင်းခါးတို့၊ အသုပ်စုံတို့၊ ထမင်းကြော်တို့ရောင်းတဲ့ စားသောက်ဆိုင်ပေါ့။ ပြီးတော့ Order မှာတဲ့သူတွေဆီ Deli နဲ့ပို့တယ်။ သူ့လုပ်ငန်းလေးက ရောင်းကောင်းပြီး တော်တော်လေးလဲ တွင်ကျယ်ပြီးအဆင်ပြေပါတယ်။ အလုပ်သမားချည်းပဲ ၁၀ ယောက်လောက်ခန့်ထားပြီး လုပ်ကိုင်နေရတယ်။

တစ်ရက်ကျတော့ သူ့ဆိုင်က အလုပ်သမားကောင်မကလေးတစ်ယောက် ညဦးပိုင်းမှာ အလုပ်လုပ်နေရင်းနဲ့ အလန့်တကြားထအော်တယ်။ အသံနက်ကြီးနဲ့ ရူးရူးဝါးဝါးကြီး ထအော်တာ။ အဲဒီ ကောင်မကလေးက အသက် ၂၀ လောက်ရှိပြီ။ ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင်ဖြစ်တယ်။ သူနဲ့အလုပ်အတူလုပ်နေတဲ့အနားက ကောင်မကလေးတွေကလဲ သူ့ကိုပွေ့ထူပြီး တတ်သလောက်မှတ်သလောက် ဝိုင်းပြုစုနေကြတာပေါ့။ ဒါပေမဲ့ အဲဒီကောင်မကလေးက အော်မြဲတိုင်းဆက်အော်နေပြီး သူ့လည်ပင်းကို တစ်ယောက်ယောက်က ညှစ်နေသလို အသားတွေနီမြန်းလာပြီး မျက်လုံးတွေတောင် ပြူးထွက်လာတယ်။

အဲဒီမှာ မသင်္ကာတာနဲ့ သူတို့ထဲက အဒေါ်ကြီးတစ်ယောက်က "ဟဲ့ နင်ဘယ်သူလဲ။ ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ"ဆိုပြီးမေးတော့မှ အဲဒီ ကောင်မကလေးကို ဝင်ပူးနေတဲ့ အမှောင့်ပယောဂက ပြန်ပြောတယ်။ "ငါက . . . ဟဲ့။ ငါ့ကို သူများကသတ်လို့ သေရတာ။ အဲဒါ ငါကျွတ်လွတ်အောင် ငါ့အတွက် ရည်စူးပြီး အလှူတစ်ခုခု နင်တို့လုပ်ပေး"ဆိုပြီး ပြောတယ်။

အဲဒါနဲ့ ဘုန်းကြီးသုံးပါးပင့်ပြီး ပရိတ်တွေရွတ်၊ ကမ္မဝါတွေဖတ်၊ လှူဖွယ်ပစ္စည်းတွေ လှူဒါန်းပြီး မေတ္တာပို့၊ အမျှဝေ လုပ်ကြတယ်။ အောက်ထပ်မှာ သံဃာတော်တွေက ရွတ်ဖတ်နေတုန်းမှာတောင် အပေါ်ထပ်မှာ တဝုန်းဝုန်းနဲ့ သောင်းကျန်းနေသေးတယ်။ နောက်တော့ အပုပ်နံ့ကလေးတစ်ချက်ရပြီး အဲဒီအပူးခံနေရတဲ့ ကောင်မကလေးပြန်ကောင်းသွားတယ်။ ပြန်ကောင်းသွားတယ်ဆိုပေမဲ့ လုံးလုံးလျားလျား ပြန်ကောင်းသွားတာမျိုးတော့မဟုတ်။ နည်းနည်း ငူငူငိုင်ငိုင်နဲ့ အရင်ပုံစံမျိုး ပြန်မရောက်သေးဘူး။

ဒါနဲ့ပဲ သားက အကူအညီတောင်းလို့ကျွန်တော့်မိတ်ဆွေ ပယောဂတွေဘာတွေကုတဲ့ . . . ဂိုဏ်းက ဂိုဏ်းဆရာတစ်ယောက်ဆီ အဲဒီ ကောင်မကလေးကိုခေါ်ပြီး သွားပြဖြစ်တော့တယ်။ သူ့ဘုရားစင်အောက်ရောက်ပြီး အဲဒီကောင်မကလေးကိုမြင်တာနဲ့ ဆရာလုပ်သူက ချက်ချင်းတန်းပြီးပြောပြတော့တာပဲ။

> ❖ တစ်ည ရွာခံတွေနဲ့အတူ သောက်ကြစားကြရင်း သန်းခေါင်ကျော်လောက် တည်းခိုတဲ့နေရာ ပြန်မယ်လုပ်တော့ ရွာခံကာလသားကြီးတွေက သတိပေးတယ်။ လမ်းခုလတ် လှည်းလမ်းကြောင်းဘေးနားက ကသစ်ပင်ကြီးနားရောက်ရင် သတိထားဖို့ ပြောကြတယ်။ သူတို့ပြောတဲ့အတိုင်းပါပဲ။ အဲဒီ အပင်ကြီးနားရောက်တော့ လှည်းဆွဲနေတဲ့ အားကောင်းမောင်းသန် နွားထီးကြီးနှစ်ကောင်ဟာ ဘယ်လိုမောင်းမောင်း ဆက်မသွားတော့ဘဲ ပတတ်ရပ်ပြီး ပေကတ်ကတ်လုပ်နေတော့တယ်။ ကြိမ်လုံးနဲ့ ရိုက်လဲ မသွားတော့ဘဲ ရပ်မြဲရပ်နေတယ်။ ❖

နေတဲ့နေရာက မြေမသန့်ဘူး။ သင်္ချိုင်းမြေတဲ့။ အနှောင့်အယှက်ပယောဂတွေရှိတယ်တဲ့။ ကောင်မကလေးကို ပြုစားတာတော့မဟုတ်။ အိမ်ရှင်ကို ပြုစားထားတာတဲ့။ ထားပါတော့။ သူ့အဆိုအရ၊ သူ့အစီအမံ၊ သူ့အာဏာစက်နဲ့ ရေတွေတောက်၊ ဆေးတွေတိုက်ပြီး မန်းမှုတ်ကုသပေးလိုက်တာ ကောင်းသွားတယ်ဗျာ။ အပူးခံရတဲ့ အဲဒီ ကောင်မကလေး အရင်လိုပြန်ဖြစ်သွားပြီး ထူထူထောင်ထောင်နဲ့ အလုပ်တွေပြန်လုပ်နိုင်လာတယ်။ အခုထက်ထိ လူကောင်းပကတိ ပြန်ဖြစ်သွားတယ်။

ကျွန်တော်ဆိုလိုတာက သာမန်ကျင်လည်နေတဲ့ လူမှုဘဝ၊ စီးပွားရေးဘဝမှာတောင် အဖျက်အမှောင့်ပယောဂဆိုတာ ဖြစ်ချင်ရင်ဖြစ်လာတတ်တာကို သတိထား ဆင်ခြင်တတ်ကြဖို့ပါ။

အဲဒါနဲ့ ဆက်စပ်လို့ ကျွန်တော်ကြုံခဲ့ဖူးတဲ့ "နာနာဘာဝ ဝိနာဘာဝ ကိစ္စတချို့ပြန်ပြီး သတိရအောက်မေ့လာမိတော့တယ်။

ငယ်စဉ်အခါ လူငယ်ကာလသားဘဝ တစ်ရက်မှာ အဆွယ်ကောင်းတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ ရွာ ပန်းတနော်အပိုင်ထဲက "ကသဝင်"ဆိုတဲ့ ရွာကလေးကို အဖော်အပေါင်းတွေနဲ့ အလည်ရောက်သွားကြတယ်။

တစ်ည ရွာခံတွေနဲ့အတူ သောက်ကြစားကြရင်း သန်းခေါင်ကျော်လောက် တည်းခိုတဲ့နေရာ ပြန်မယ်လုပ်တော့ ရွာခံကာလသားကြီးတွေက သတိပေးတယ်။ လမ်းခုလတ် လှည်းလမ်းကြောင်းဘေးနားက ကသစ်ပင်ကြီးနားရောက်ရင် သတိထားဖို့ ပြောကြတယ်။ သူတို့ပြောတဲ့အတိုင်းပါပဲ။ အဲဒီ အပင်ကြီးနားရောက်တော့ လှည်းဆွဲနေတဲ့ အားကောင်းမောင်းသန် နွားထီးကြီးနှစ်ကောင်ဟာ ဘယ်လိုမောင်းမောင်း ဆက်မသွားတော့ဘဲ ပတတ်ရပ်ပြီး ပေကတ်ကတ်လုပ်နေတော့တယ်။ ကြိမ်လုံးနဲ့ရိုက်လဲ မသွားတော့ဘဲ ရပ်မြဲရပ်နေတယ်။ အဲဒီကသစ်ပင်ကြီးက လူကြီးလက်သုံးဖက်စာလောက်အကြီးကြီး။ ပင်စည်ပတ်ပတ်လည်မှာလဲ ဆူးတွေဗရပျစ်နဲ့။

သိပြီ။ သိလိုက်ပြီ။ လှည်းပေါ်ပါတဲ့ ကျွန်တော်တို့ရန်ကုန်သားကာလသားတစ်သိုက်ဟာ လှည်းပေါ်က ပြိုင်တူခုန်ဆင်းလိုက်ကြပြီး အဲဒီကသစ်ပင်ကြီးကို ဝိုင်းလို့ "ခွေးမသား သရဲ . . . ။ ငါတို့ ရန်ကုန်သားတွေက နင်တို့လောက်တော့ မကြောက်ဘူးဟေ့"ဆိုပြီး ကသစ်ပင်ကြီးကို သေးနဲ့ဝိုင်းပန်းကြတယ်။ အဲဒီလိုလုပ်ပြီးတော့မှ လှည်းပေါ်ပြန်တက်မောင်းတာ၊ အမယ် အဆင်ကိုပြေလို့။ အဲဒီတော့မှ မောင်မင်းကြီးသား နွားထီးကြီးနှစ်ကောင် ကြော့ကြော့မော့မော့နဲ့ အားကုန်အသော့ ပြေးကြတော့တာပေါ့ခင်ဗျာ။

နောက်တစ်ခါကြုံတာကျတော့ အဲဒီလို လယ်ကွင်းပြင်မှာမဟုတ်။ ရပ်ကွက်ထဲက ဖဲဝိုင်းမှာ။ မိတ်ဆွေတစ်ယောက်ရဲ့ဇနီးဆုံးပါးသွားတော့ ရက်မလည်ခင် ညဘက် သူ့အိမ်မှာသွားပြီး မသာစောင့်သလိုလိုနဲ့ ဖဲသွားရိုက်ကြတယ်။ ရိုက်လို့ကောင်းနေတုန်း မိတ်ဆွေလင်မယားအိပ်တဲ့ ခုတင်အောက်က သေတ္တာတစ်လုံးဟာ သူ့အလိုလို ဟိုရွေ့ဒီရွေ့ ရွေ့နေပါရော။ ဘာအကောင်အထည်မှလဲ မတွေ့ရ။ ဒီတော့သိပြီ။

ဒီတစ်ခါတော့ လယ်ကွင်းပြင်ထဲက ကသစ်ပင်လိုသေးနဲ့ဝိုင်းပြီး မပန်းကြတော့ဘူး။ သူတစ်ပါး အိမ်ပေါ်မှာဖြစ်နေလို့ စားနေဝါးနေတဲ့ ကွမ်းတံတွေးနဲ့ပဲ ဝိုင်းပြီး ထွေးကြတာပေါ့။ ပြီးတော့ အဲဒီရွေ့နေတဲ့ သေတ္တာကို ဖနောင့်နဲ့ ဝိုင်းပေါက်ကြတော့ မသာရှင် အဲဒီမိတ်ဆွေက တောင်းပန်ယူရတယ်။ "သိပ်မလုပ်ကြပါနဲ့ကွာ။ အဲဒါ ငါ့မိန်းမဖြစ်မှာပါ"တဲ့။

ပါဠိ-မြန်မာ အဘိဓာန်မှာတော့ "နာနာဘာဝ"ကို "ဇာတိအားဖြင့် အထူးထူးဖြစ်ခြင်း"လို့ ဖွင့်ဆိုထားသလို "ဝိနာဘာဝ"ကိုတော့ "ကင်း၍ဖြစ်ခြင်း၊ သေသောအားဖြင့် ကွေကွင်းရခြင်း"ဆိုပြီး အဓိပ္ပာယ်ရှင်းလင်းပေးထားပါတယ်။ မြန်မာစာအဖွဲ့က ထုတ်တဲ့ မြန်မာအဘိဓာန်မှာတော့ "နာနာဘာဝ"ကို "သေကွဲကွဲခြင်း။ တစ္ဆေ၊ သရဲ စသောမကောင်းဆိုးဝါးများ" လို့ ဖော်ပြထားသလို "ဝိနာဘာဝ"ကိုတော့ "သေကွဲကွဲခြင်း"လို့အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ တကယ်ဆိုရင် သူတို့ဟာလဲပဲ ၃၁ ဘုံသား ဆုံလည်နွားပမာ သတ္တဝါတွေပဲ မဟုတ်လားဗျာ။

ရန်ကိုရန်ချင်း မတုံ့နှင်းဘဲ သူတို့လိုသမျှ ကုသိုလ်ရအောင် အလှူဒါနလုပ်၊ မေတ္တာပို့ပြီး အမျှဝေပေးတာပဲ အကောင်းဆုံးမဟုတ်ပါလားခင်ဗျာ။

၃၁ ဘုံသား သတ္တဝါအများ ကျန်းမာချမ်းသာကြပါစေ။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

---

## ဖျာပုံမြို့နယ်တွင် ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိ



**ဖျာပုံ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိခဲ့ကြောင်း ဖျာပုံမြို့နယ်ရှိ ဝင်းပြည့်စုံ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ဩဂုတ်လက ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ မှ ၈၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၁၁၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါငါးမုတ်များ ဈေးကောင်းရရှိလာခြင်းသည် ဖျာပုံငါးပွဲရုံများသို့ အဝင်နည်းပြီး အရောင်းသွက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးမုတ်ဈေးကောင်းလာပါတယ်။ ဒါ့ပြင် ငါးခုံးမလဲ ဈေးနည်းနည်းကောင်းလာပါတယ်။ လက်ရှိငါးတွေ ဈေးကောင်းရရှိလာတာက ပွဲရုံတွေဆီ ငါးတွေအဝင်နည်းပြီး ဝယ်လိုအားများနေလို့ပါ။ ငါးအရောင်းအဝယ်ကလဲ ပုံမှန်ထက်ရောင်းအားတက်နေပါတယ်။ ငါးဈေးလေးတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ကို အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ဝင်းဝင်းဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ဒေသထွက်ငါးမုတ်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတစ်ရက်လျှင် ငါးမုတ်ပိဿာချိန် ၁၀၀ မှ ၅၀၀ ကျော်ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

## နတ်မောက်မြို့နယ် ရွှေကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်လှကျင်းကျေးရွာအုပ်စု ရွှေကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက ရွှေကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ မှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နတ်မောက်မြို့နယ် ရွှေကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရွှေကွေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၉ ဦးကို ငွေကျပ် ၅၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၆ ဒသမ ၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၁သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ငွေကျပ် ၆၇ ဒသမ ၅သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**

# စုန်ရေရဲ့ အားမာန်

နေထူး



(၁)

မောင်ဇော်တစ်ယောက် မနက် ၅ နာရီ မိနစ် ၃၀ လောက်ကတည်းက အိပ်ရာမှထကာ ကားရေဆေးတာ၊ ဆီ၊ ရေ၊ လေ စစ်တဲ့အလုပ်ကို နေ့စဉ်လုပ်နေကျအတိုင်း ကြိုတင်လုပ်ကိုင်ထားလိုက်တယ်။ မနက် ၆ နာရီ မိနစ် ၃၀ လောက်ဆိုရင်တော့ ရေမိုးချိုးပြီးတာနဲ့ ဆရာသမားတို့မိသားစုအတွက် မနက်စာထွက်ဝယ်ပေးဖြစ်တယ်။ မောင်ဇော်က ကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာတစ်ယောက်ရဲ့အိမ်မှာ ယာဉ်မောင်းလုပ်လာခဲ့တာ နှစ်အတော်ကြာလာခဲ့ပြီမို့ ဆရာသမားရဲ့ကြိုက်တတ်တာလေးတွေကိုသာမက မိသားစုအားလုံးရဲ့ အကြိုက်လေးတွေကိုပါ သိလာခဲ့ရတယ်။ ဆရာသမားက မနက်စာကို တစ်ခါတလေ နန်းကြီးသုပ်စားတတ်ပြီး တစ်ခါတလေမှာတော့ ဆိတ်စွပ်နဲ့ နံပြားအလွတ်ကို စားတတ်ပြန်လို့ ဒီနေ့အတွက်တော့ ဆိတ်စွပ်လေးဝယ်လာခဲ့တယ်။ ဆရာကတော်နဲ့ ကလေးတွေအတွက်ကတော့ ဒင်ဆမ်းနဲ့ မန္တလေးမြီးရှေ ဝယ်လာခဲ့လိုက်တယ်။ မောင်ဇော်တစ်ယောက် မနက်စာဝယ်လာပြီးလို့ အိမ်ရှေ့ကိုပြန်ရောက်တော့မှ ကိုယ့်ရဲ့နဖူးကို ပြန်ရိုက်လိုက်မိတယ်။

"ဟုတ်ပါရဲ့ ဆိတ်စွပ်ဝယ်တဲ့အချိန်မှာ လျှာတို့၊ ဦးနှောက်ဖတ်တို့ မပါပါစေနဲ့လို့" မပြောလိုက်မိခဲ့။ ဆရာသမားက ဆိတ်စွပ်ထဲမှာ လျှာ၊ ဦးနှောက်တို့ပါမှာကို လုံးလုံးမကြိုက်တတ်သူမို့လို့ ဆိတ်စွပ်အထုပ်လေးကို အိမ်ရှေ့မှာချိတ်ထားခဲ့ပြီး ဒင်ဆမ်းနဲ့ မြီးရှေအထုပ်ကို စားပွဲမှာတင်ပြီး ဆရာသမားမနိုးခင်မှာ ဆိတ်စွပ်ဆိုင်သို့အပြေးကလေးနှင်ပြီး ဆိတ်စွပ်တစ်ပွဲကို လျှာ၊ ဦးနှောက်ဖတ်တို့ မပါပါစေနဲ့လို့ သေချာမှာပြီး ဝယ်လာခဲ့ရပြန်တယ်။

(၂)

အိမ်ကိုပြန်ရောက်တော့ ဆရာကော ဆရာကတော်ပါ မနိုးကြသေးပေ။ ပိုနေတဲ့ဆိတ်စွပ်ကလေးကတော့ အိမ်ရှေ့မှာ ချိတ်ထားလျက်သားပင်။ မောင်ဇော်ကိုယ်တိုင်ကလဲ ဆိတ်စွပ်ကို လုံးလုံးမကြိုက်ပေ။ ဆိတ်စွပ်အထုပ်လေးကို ဘယ်လိုလက်စဖျောက်ရပါ့မလဲလို့ တွေးနေဆဲမှာ အဘွားအိုတစ်ယောက်က ပလုံကောက်(စွန့်ပစ်ဘူးခွံ၊ ပုလင်းခွံများကောက်ယူခြင်း) တဲ့လှည်းကလေးကို တွန်းလာပြီး လှည်းထဲမှာတော့ သုံးနှစ်အရွယ်ကလေးလေးက အခန့်သားထိုင်နေတာတွေ့လိုက်ရတယ်။

အဘွားအိုနဲ့ ခပ်လှမ်းလှမ်းမှာတော့ ငါးနှစ်၊ ခြောက်နှစ်အရွယ် ကလေးမလေးက လမ်းဘေးမှာ တွေ့တဲ့ ဘီယာဘူးခွံလေးတွေကိုကောက်လိုက်၊ လှည်းလေးထဲပြေးလာထည့်လိုက်၊ လှည်းထဲက ကလေးကို မြူပြီး ပြန်ပြေးကောက်လိုက်လုပ်နေတာကို တွေ့ရတယ်။ ဒါနဲ့ပဲ ကားဘေးနားမှာစုထားတဲ့ ရေသန့်ဘူးခွံ၊ အအေးဘူးခွံအထုပ်လေးကိုယူလာပြီး လှည်းလေးထဲ ထည့်ပေးလိုက်ကာ ကလေးငယ်ကိုကြည့်လိုက်မိတော့ သူ့လက်မကလေးကို သူစုပ်နေတယ်။

"အဘွားရေ စိတ်တော့မရှိပါနဲ့ ကျွန်တော်တစ်ခုပြောချင်လို့ပါ"လို့ ဆုတ်ဆိုင်းဆိုင်းနဲ့ စကားဆိုလိုက်တယ်။ အသားက ခပ်ညိုညို ကိုယ်လုံးကိုယ်ထည်က ပိန်သေးသေးနဲ့ ဆံပင်က တစ်ခေါင်းလုံးဖြူနေတဲ့ အဘွားက "အေး ကလေးပြောပါ"လို့ လိုလိုလားလားပြန်ဖြေတယ်။

မောင်ဇော်က ဆိတ်စွပ်အထုပ်လေး လက်ညှိုးနဲ့ ညွှန်လိုက်ပြီး "ဟိုဟာလေ ဆရာအတွက် ဆိတ်စွပ်ဝယ်လာတာ။ ဆရာက လျှာတို့ ဘာတို့ပါရင် မသောက်ဘူးလေ။ ကျွန်တော်လဲ လောလောနဲ့ဝယ်လာတော့ ဟိုဟာမထည့်နဲ့၊ ဒါမထည့်နဲ့လို့ မပြောလိုက်ရတော့ပါ။ မပါက မသေချာလို့ အသစ်တစ်ပွဲထပ်ပြီးဝယ်ခဲ့လိုက်တာ။ အဲဒီတစ်ပွဲက ပိုနေလို့ အဘွားရဲ့ကလေးတွေကို ပေးလို့ရမလားလို့ပါ။ အသန့်ပါ။ ကျွန်တော် ခုလေးပဲ ဝယ်ထားတာပါ"လို့ အားနာနာနဲ့ ရှင်းပြလိုက်တယ်။

"အမယ်လေး ကလေးရယ် အဘွားက ကျေးဇူးတောင်တင်သေးတယ်။ ပေး ပေး"ဆိုပြီး ခပ်ပြုံးပြုံးနဲ့ ယူသွားပေတော့တယ်။

(၃)

အဲဒီအချိန်ကနေစပြီး တွန်းလှည်းကလေးနဲ့ အဘွား ဒေါ်ခင်မှိုတို့ မြေးအဘွားသုံးယောက်နဲ့ မောင်ဇော်တို့ရဲ့ ခင်မင်မှုလေးက စတင်လာခဲ့တော့တယ်။ မောင်ဇော်တစ်ယောက်ကတော့ ဘယ်နေရာကနေပဲတွေ့တွေ့ ရေသန့်ဘူးခွံ၊ အအေးဘူးခွံနဲ့ ဘီယာဘူးခွံလေးတွေကအစ ကောက်ကောက်လာတတ်ပြီး အိတ်ကလေးနဲ့ စုပေးထားတတ်တယ်။

ဆရာသမားကတောင် ခပ်ပြုံးပြုံးနဲ့ "ဟိတ်ကောင် မောင်ဇော် ငါ့ကားက ပလုံကားဖြစ်တော့မယ်"လို့တောင် စနောက်နေသေးတော့တယ်။ ဆရာကတော်ဖြစ်သူကလဲ သူ့ကလေးတွေနဲ့မတော်တဲ့ အင်္ကျီ၊ ဖိနပ်လေးတွေကိုစုပြီး မောင်ဇော်ကို ပေးခိုင်းတတ်ပြန်တော့ မောင်ဇော်မှာ ကျေနပ်ပီတိဖြစ်နေရပြန်တော့တယ်။ အခုရက်ပိုင်းမှာက မိုးရွာရက်တွေက ဆက်လာလေတော့ အချို့သောအနိမ့်ပိုင်းရပ်ကွက်လေးတွေမှာက ရေတက်စပြုလာတယ်။ တစ်ခါတစ်ရံ ကားလမ်းမထက်မှာပင် ရေတွေဖွေးနေတတ်ပြန်တော့တယ်။ တွန်းလှည်းကလေးနဲ့ အဘွားတို့ မြေးအဘွားတွေကော ဘယ်လိုတွေများစခန်းသွားနေကြပါလိမ့်လို့ မောင်ဇော်တစ်ယောက် စိတ်ပူနေမိပြန်တယ်။ မိုးရွာရက်တွေများပြီး အလုပ်ထဲမှာလဲ အလုပ်က နည်းနည်းပါးနေတာကြောင့် ဆရာသမားက ဒီနေ့တစ်ရက် အိမ်မှာပဲနားမယ်လို့ဆိုတာကြောင့် ပလုံကောက်တဲ့အဘွားတို့ဘက်ကို သွားကြည့်လိုကြောင်း ခွင့်တောင်းလိုက်တယ်။ ဆရာကတော်ကလဲ ဆန်လေးပြည်အိတ်နဲ့ ဆီတစ်ဘူးဝယ်ပေးလိုက်တဲ့အပြင် ကလေးအင်္ကျီ၊ အနွေးထည်လေးတွေ ပါလာတာမို့လို့ မောင်ဇော်တစ်ယောက် ပလုံကောက်တဲ့အဘွားတို့နေတဲ့ တဲအိမ်ကလေးဘက်ဆီသို့ ဟိုမေးသည်စမ်းရင်းနဲ့ ထွက်လာခဲ့လိုက်တယ်။

အဘွားဒေါ်ခင်မှိုက ကျူးကျော်ရပ်ကွက်က တဲငယ်ကလေးထဲမှာ ခြောက်နှစ်အရွယ်မြေးမလေးနဲ့ သုံးနှစ်အရွယ်မြေးထီးလေးတို့နဲ့အတူ နေထိုင်ကြတယ်။ အဘွားဒေါ်ခင်မှိုက အသက် ၆၅ နှစ်ကျော်ရှိနေပြီး ရပ်ကွက်တကာ လမ်းကြိုလမ်းကြားမှာ မြေးအငယ်လေးကို လှည်းပေါ်မှာတင်ပြီး မြေးမလေးနဲ့အတူ ဘူးခွံ၊ ပုလင်းခွံလေးတွေ ကောက်ကြတယ်။ မနက် ၅ နာရီလောက်မှာ အိပ်ရာကထပြီး မြေးနှစ်ယောက်ကိုနှိုးကာ လမ်းဘေးကအမှိုက်ပုံလေးတွေကို မွှေနှောက်ပြီးရှာကြရတယ်။ ရလာတာလေးတွေရောင်းပြီး တစ်နေ့စာတစ်နေ့ဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြတယ်။ အခုရက်ပိုင်းမှာတော့ မိုးရွာရက်တွေက ဆက်လာလို့ ဘူးခွံ၊ ပုလင်းခွံလဲ လိုက်ပြီးမကောက်နိုင်တော့လို့ အလှူရှင်ပရဟိတအဖွဲ့တွေက လှူတာလေးတွေနဲ့ စားဝတ်နေရေးကို ဖြေရှင်းနေရတယ်။

(၄)

သူတို့နဲ့အနီးအနားအိမ်က မပုမဆိုတဲ့အမျိုးသမီးက အဘွားဒေါ်ခင်မှိုအိမ်ဘက်သို့ကူးလာပြီး ပရဟိတလုပ်နေတဲ့သူတစ်ယောက်ယောက်ကို အကူအညီတောင်းပြီး လိုင်းပေါ်မှာတင်ကာ အလှူခံဖို့ အကြံပေးလာတယ်။ သားနဲ့သမီးရှိပေမဲ့ မအေအိုကြီးမှာ မြေးနှစ်ယောက်နဲ့ ဒုက္ခဖြစ်နေရတာကို ပိုပိုသာသာလေးပြောပြီး မျက်ရည်ချူဖို့ရာပင် သူက ဇာတ်ညွှန်းချပေးနေသေးတော့တယ်။

"မလုပ်ချင်ပါဘူး အေရယ် အလှူရှင်တွေ ဝမ်းမြောက်ဖို့၊ သာဓုခေါ်ဖို့ မှတ်တမ်းတင်တာတွေက အကြောင်းမဟုတ်ပေမဲ့ ကိုယ့်ရဲ့သားသမီးမကောင်းကြောင်းကို တစ်နိုင်ငံလုံးကိုကြေညာပြီးမှ စားရမဲ့ထမင်းမျိုးတော့ မစားရက်ပါဘူး အေရယ်။ ငါ့ရဲ့သားနဲ့ သမီးကလဲ သူတို့တွေအဆင်မပြေသေးလို့သာ မဆက်သွယ်ကြတာပါ။ တစ်နေ့မှာ ဆက်ကိုဆက်သွယ်လာကြမှာပါ။ မိဘကိုမကျွေးမွေးချင်လို့ အဆက်အသွယ်ဖြတ်မဲ့သားသမီးမျိုးတွေမဟုတ်ကြပါဘူး"လို့ ပြောလိုက်တယ်။

အကြံလာပေးတဲ့ မပုမကတော့ "ဆန်မရှိ အစားကြီး၊ ဟန်တစ်ခွဲသားလုပ်ချင်တဲ့ အဘွားကြီးနေပေါ့။ သူ့သားနဲ့သမီးကဖြင့် ဘယ်သောင်တင်ပြီး ဘယ်ကမ်းဆိုက်နေတယ်မသိတာကို"လို့ မကြားတကြား ရေရွတ်ပြောဆိုပြီး မဲ့ကာရွဲ့ကာဖြင့် ထွက်လာတာနဲ့ တဲအိမ်ကလေးရဲ့ မလှမ်းမကမ်းမှာ ဆန်အိတ်လေး ပခုံးမှာထမ်းပြီး ဆီနဲ့အဝတ်အိတ်လေးတွေကို လက်ကဆွဲကာ တွေတွေကြီးရပ်ကာ နားထောင်နေတဲ့ မောင်ဇော်နဲ့ ဆုံလိုက်ကြတယ်။ မပုမကတော့ ပရဟိတအဖွဲ့က အလှူလာလုပ်တာအထင်နဲ့ ပြုံးပြနေပေမဲ့ မောင်ဇော်ကတော့ မျက်နှာကိုခပ်တင်းတင်းလုပ်ပြီး ဘာစကားမှမဆိုဘဲ အဘွားဒေါ်ခင်မှိုတို့ တဲအိမ်ကလေးထဲသို့ ဝင်ချသွားတော့တယ်။

(၅)

မောင်ဇော် တဲအိမ်ကလေးထဲကိုရောက်တော့ အဘွားဒေါ်ခင်မှိုမှာ အံ့အားသင့်သွားတယ်။ တဲကလေးထဲက သင့်တော်တဲ့နေရာလေးမှာထိုင်ခိုင်းပြီး ယူလာတဲ့ပစ္စည်းလေးနဲ့ ပိုက်ဆံအနည်းငယ်ကို ခြေတုန်တုန် လက်တုန်တုန်နဲ့လက်ခံယူကာ ဆုတွေတသီကြီးပေးနေပြန်တော့တယ်။ အိပ်ပျော်နေတဲ့ ကလေးနှစ်ယောက်ကို လက်ညှိုးကလေးညွှန်ပြပြီး ဒီကလေးတွေက အဘွားသမီးအကြီးရဲ့ ကလေးတွေလေ။ အဘွားရဲ့အမျိုးသားဆုံးသွားတော့ သမီးကြီးဖြစ်သူက ငယ်စဉ်ကတည်းက ကျောင်းကထွက်ပြီး မိခင်နဲ့ဘောက်လိုက်လုပ်ကာ သူ့မောင်လေးကို ကျောင်းထားပေးခဲ့တယ်။ အရွယ်ရောက်လာတော့ သမီးဖြစ်သူက အိမ်ထောင်ကျပြီး သမီးတစ်ယောက်နဲ့ သားတစ်ယောက်ရလာကာမှ သူ့အိမ်ထောင်နဲ့ကွဲ၍ ကလေးတွေကို အဘွားနဲ့အပ်ထားကာ ထိုင်းနိုင်ငံကိုသွားတာ အဆက်အသွယ်ကရမလာတော့ပေ။ အချို့တွေပြောကြတာကတော့ နောက်အိမ်ထောင်ပဲ ကျသွားသလိုလို၊ ဘာလိုလိုပြောနေကြပေမဲ့ အဘွားဒေါ်ခင်မှိုကတော့ သမီးဖြစ်သူ အဆင်မပြေသေးလို့သာ အဆက်အသွယ်မလုပ်သေးတာ၊ တစ်နေ့မှာ ဆက်သွယ်လာလိမ့်မယ်လို့ ယုံကြည်နေဆဲဖြစ်ကြောင်း သူ့ရဲ့စကား၊ သူ့ရဲ့အမူအရာတွေက ဖော်ပြနေတယ်။ သားဖြစ်သူကလဲ အတန်းပညာတစ်ဝက်တစ်ပျက်နဲ့ ကျောင်းကနေထွက်ပြီး ဖားကန့်ဘက်တက်သွားတာ ဟိုမှာရောက်နေသလိုလို၊ ဒီမှာလိုလိုနဲ့ အဆက်အသွယ်ပြတ်နေတာတဲ့။ သူ့ရဲ့အကြောင်းတွေကို ပြောပြရင်း အဘွားဒေါ်ခင်မှိုက စီးကျလာတဲ့ပါးပြင်မှ မျက်ရည်စကလေးကိုသုတ်လိုက်ပြီး "သားနဲ့ သမီးတို့ ကျန်းမာနေကောင်းအဆင်ပြေကြပါစေ။ သားနဲ့သမီး အဆင်မပြေနေသေးလို့သာရယ် တစ်နေ့မှာ အဘွားဆီကို ပြန်ကိုပြန်လာကြလိမ့်မယ်ဆိုတာ အဘွားယုံတယ်။ သားနဲ့သမီးကိုချနင်းပြီးမှ ရလာမဲ့ထမင်းကို အဘွားဘယ်တော့မှမစားဘူး"လို့ ခပ်တင်းတင်းပြောလိုက်တဲ့ အဘွားဒေါ်ခင်မှိုရဲ့စကားကို ကြားလိုက်ရပြန်တော့ မောင်ဇော်တစ်ယောက် ကြက်သီးထသွားမိတော့တယ်။ သားနဲ့သမီးရဲ့အနာဂတ်လေးတွေကိုချနင်းပြီး ရလာမဲ့ကူညီပံ့ပိုးမှုကို ရဲရဲဝံ့ဝံ့ငြင်းပယ်လိုက်ပြီး ကြုံလာမဲ့လောကဓံကို အသက်အရွယ်နဲ့မမျှ အားတွေမာန်တွေနဲ့ ရဲရင့်နေတဲ့ အမေအိုတစ်ယောက်ရဲ့ အားမာန်တွေကို မျက်ဝါးထင်ထင်မြင်လိုက်ရလေပြန်တော့ တစ်လတစ်ခါပင် ငွေမပို့နိုင်ပေမဲ့ "ရတယ် အမေ အဆင်ပြေပါတယ်"လို့ အမြဲပြောတတ်တဲ့ အိမ်က အမေကို အလိုလိုသတိရမိလာပြီး ပါးပြင်ပေါ်သို့ မျက်ရည်စကလေးတွေက လိမ့်ဆင်းလာပြန်တော့တယ်။ အဘွားကို နှုတ်ဆက်ပြီးပြန်လာခဲ့တယ်။ မိုးကတော့ဖြင့် အပြီးတကြီးရွာနေဆဲဖြစ်ပေမဲ့လဲ အဘွားအို ဒေါ်ခင်မှိုရဲ့ သားနဲ့သမီးအပေါ် ယုံကြည်ချစ်ခင်မှု မေတ္တာလှိုင်းအားမာန်တို့ကိုတော့ အန်တုယှဉ်ပြိုင်ပြီး ရွာနိုင်စွမ်းမယ်လို့တော့မထင်ပေ။

# ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၉၉၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဝန်းသို စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၉၈၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၉၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဝန်းသိုမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါး ၃၈၉၈၉ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၈၉၉၁ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် တောင်သူတွေကိုနည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးကို ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၈၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၇ ဒသမ ၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် မိုးစပါးစိုက်ရာသီတွင် တောင်သူများ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် စပါးများကို အချိန်မီစိုက်ပျိုးနိုင်စေရန် မိုးစပါးမျိုးကောင်းမျိုးသန့် R-s မှ F-s အဆင့်ထိ မော်ဘီ-၂၊ ဆင်းဧကရီ-၃၊ ပေါ်ဆန်းရင်၊ ရောမင်း၊ ရေအနည်းလို-၇ နှင့် မော်ဘီကောက်ညှင်းမွှေး စသော မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ပုဏ္ဏားကျွန်းမြို့နယ် ရေပေါက်ချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရေပေါက်ချောင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေပေါက်ချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၃၈၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်က ကျေးရွာတွင်းလမ်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ စီမံခန့်ခွဲမှု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုးမှုဖြင့် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်ထိ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**



# သဲကုန်းမြို့နယ် ချင်းကုန်း(ပွေးယား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ချင်းကုန်း(ပွေးယား)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီး ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်း သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချင်းကုန်း(ပွေးယား) ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ်၂၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ်၂၀ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၁သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

## မြန်မာ့ယဉ်ကျေးမှုထွန်းကားရေးအလေးပေး

\- စည်းနဲ့ဝါး စည်းနဲ့ဝါးဟု<br>
ညီထားနရီ ဘက်စုံစီအောင်<br>
ထားသည်စည်းကမ်း ထုံးတမ်းမဝေး<br>
ကြေးကြိုးသားရေ လေနှင့်လက်ခုပ်<br>
လေးချက်အုပ်ချီ အတည်မသွေ<br>
ရှိကြစေရန် မြန်မာ့ဟန်ကို<br>
ရှင်သန်ထာဝရ တည်တံ့ကြစေ<br>
တောင်းဆုခြွေလျက် နှစ်တွေညောင်းညောင်း<br>
ပြောင်းခဲ့(၂၄)ကြိမ် ရှိန်ဟုန်မပျက်<br>
ချီတက်လျှောက်ဆဲ ဤပြိုင်ပွဲတွင်<br>
စုံလဲစုံစွာ ဂီတာဒုံမင်း<br>
စောင်းညှင်းပတ္တလား စန္ဒရားနှင့်<br>
ချန်မထားမယ်ဒလင် ဘင်ဂျိုလဲပါ<br>
ဝမ်းမြောက်စရာတည့် ရိုးရာဆိုင်းဝိုင်း<br>
နောင်ဒိုင်းဒူဝေ စည်တော်ဖြေသည်<br>
မြန်ပြေတစ်လွှား လှပငြားဘိ။

\- ထိုသည့်တစ်ဖန် ကဟန်သွယ်သွယ်<br>
ဆိုဟန်နွယ်၍ ရေးဖွယ်ပညာ<br>
ညီညာညက်ညော ဂီတနော၍<br>
အပြောမဟုတ် အလုပ်နှင့်ပြ<br>
အဓိကစိတ်ရင်း နိုင်ခြင်းမဟုတ်<br>
ပြိုင်ခြင်းဟုတ်မို့ ကိုယ်နှုတ်နှလုံး<br>
ရွှင်ပြုံးဟဒယ ရှိကြရသည်<br>
မဟာ့မဟာ ပြိုင်ပွဲဖြစ်<br>
နှစ်ထောင်နှစ်ဆယ့်သုံးခုနှစ်။

\- မျိုးချစ်စိတ်ထား ရှင်သန်ပွား<br>
အများပြည်သူပျော်သည့်နှစ်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို ကြိုဆိုလျက်။

**ဘိုမျိုး(ရွှေဘို)**

# စလင်းမြို့နယ် ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**စလင်း စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံနှုန်းစံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် ပူးလှကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို Shwe Group ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၇ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

# ရာဇသတ်ကြီးပုဒ်မ-၄၇၁ ဖြင့် တိုက်ရိုက်အပြစ်မပေးနိုင်ပါ

**စိန်လှိုင်ပိုလ်**

စာရွက်စာတမ်းကို လိမ်လည်အတုပြုလုပ်သည် ဟူသောစွပ်စွဲချက်ဖြင့် တိုင်ကြားစွဲဆိုခဲ့သောအမှုတွင် မထင်ရှားသောအခြေအနေ၌ မူလရုံး၊ ပထမအယူခံရုံး တို့က တစ်သဘောတည်း သုံးသပ်ဆုံးဖြတ်ခဲ့သော်လည်း အထက်တရားရုံးက ကွဲလွဲစွာသုံးသပ်ဆုံးဖြတ်ခဲ့သည်။ အထူးအယူခံခုံရုံးသို့ ရောက်ရှိသွားပါသည်။ ၎င်းအမှုတွင် အများပြည်သူသိသင့်သိထိုက်သည့် ဥပဒေပြဿနာပါရှိပါသဖြင့် ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၁၉၉၉ ခုနှစ် မေ ၆ ရက်က လားရှိုးမြို့တွင် ကွယ်လွန်ခဲ့သော ဖခင် ဦးကြူရွှင်ကျန်း၏ သေစာရင်းကို မန္တလေးမြို့ ကျန်းမာရေးဦးစီးဌာနမှ မမှန်မကန်ထုတ်ယူခဲ့ပြီး ဖခင်အမည်ပါ မြေကွက်၏ မြေပုံမြေရာဇဝင်ထုတ်ယူခြင်း၊ မိခင် ဒေါ်ဟောင်ကော၊ အစ်မ ဒေါ်ကြူလင်ရှင်းတို့ကို အမွေဆက်ခံပိုင်ဆိုင်စာချုပ်၊ ပေးကမ်းစာချုပ် ချုပ်ဆိုစေခြင်း၊ မြေထက်ဝက်ကို ဖခင်အမည်ပေါက်မှ ၎င်း၏အမည်ပေါက်အဖြစ် ပြောင်းလဲခြင်းကြောင့် မိသားစုနစ်နာဆုံးရှုံးမှုဖြစ်စေသည်ဟုဆိုကာ ဒေါ်လီလီဝင်းနှင့် ရှေ့နေ ဦးကျော်သန်းကို အရေးယူပေးရန် ဦးမြင့်နိုင်က ချမ်းအေးသာစံမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သည်။

ချမ်းအေးသာစံမြို့နယ်တရားရုံး ၂၀၁၂ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၂၀၃၉ ရာဇသတ်ကြီးပုဒ်မ-၄၆၈၊ ၄၇၁ အရ စွဲဆိုမှုတွင် ဒေါ်လီလီဝင်းကို အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အပေါ် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၅၁၄ ဖြင့် တင်သွင်းလျှောက်ထားရာ ပလပ်သည့်အမိန့်ချမှတ်ခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၈ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၂၂၆ ဖြင့် ဆက်လက်တင်သွင်းလျှောက်ထားရာ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၇၁ အရ ရုံးတက်၊ ရုံးဆင်းထောင်ဒဏ်တစ်ရက်နှင့် ငွေကျပ် ၁၀၀၀၀၀ ပေးဆောင်စေရန် မဆောင်ပျက်ကွက်က ထောင်ဒဏ်ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။


၎င်းအမိန့်အပေါ် ဒေါ်လီလီဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ် ရာဇဝတ်အထွေထွေလျှောက်လွှာ အထူးအမှတ်-၂၆၆ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ-

"တရားခံ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၆၈၊ ၄၇၁ အရစွဲဆိုမှုတွင် ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က အမှုမှ အပြတ်လွှတ်ခဲ့သောအမိန့်များကို ပယ်ဖျက်ပြီး **ရာဇသတ်ကြီးပုဒ်မ-၄၇၁** အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် အမှုတွဲပေါ်ပေါက်ချက်များအရ ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်းရှိ၊ မရှိ"ဟူသော ပြဿနာကိုကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် သက်သေခံ(ပ) သေစာရင်းအတုကို မည်သူပြုလုပ်ခဲ့ကြောင်း အတိအလင်းကောက်ယူနိုင်သည့် သက်သေခံချက်မရှိသဖြင့် ဒေါ်လီလီဝင်းကို မူလရုံးနှင့် ပထမအယူခံရုံးတို့က ရာဇသတ်ကြီးပုဒ်မ-၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမပြုခဲ့သည့် အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **"ရာဇသတ်ကြီးပုဒ်မ-၄၇၁ အရ ပြစ်မှုထင်ရှားစီရင်ရာ၌ လိမ်လည်အတုပြုလုပ်ထားသော စာမှတ်စာတမ်းမှန်းသိလျက် အစစ်အမှန်အနေဖြင့် အသုံးပြုခဲ့ကြောင်း ကောက်ယူနိုင်သည့် သက်သေခံချက်ရှိ၊ မရှိ"** အထူးအယူခံခုံရုံးက ဦးစွာစိစစ်ခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်ဟောင်ကောသည် သက်သေခံ(ဈ) အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုပြီးသည့်နေ့မှာပင် သမီးဖြစ်သူ ဒေါ်ကြူလင်ရှင်းနှင့် ချွေးမဖြစ်သူ ဒေါ်လီလီဝင်းတို့ကို ပေးကမ်းစာချုပ်



ချုပ်ဆိုပေးခြင်း၊ ထို့နောက် ပေးကမ်းခြင်းကို လက်ခံရယူသူ ဒေါ်ကြူလင်ရှင်းနှင့် ဒေါ်လီလီဝင်းတို့ အပြန်အလှန်စွန့်လွှတ်စာချုပ်များ ချုပ်ဆိုကြခြင်းတို့မှာ အမှုတွင် သက်သေခံ(ည၊ ဋ၊ ဌ) စာချုပ်စာတမ်းများအရ ပေါ်ပေါက်နေပြီးဖြစ်၍ ထိုသို့စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာတွင် ဒေါ်လီလီဝင်းသည်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားကြောင်း အထူးအယူခံခုံရုံးက ဝေဖန်ဆန်းစစ်ခဲ့သည်။

ဒေါ်ဟောင်ကော၏ သက်သေခံ(ဈ) အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကိုအခြေခံ၍ ချွေးမဖြစ်သူ ဒေါ်လီလီဝင်းအနေဖြင့် အကျိုးခံစားခွင့်ရရှိခဲ့သည်မှာမှန်ကြောင်း၊ သို့သော် အကျိုးခံစားခွင့်ရှိသူဆိုရာတွင် သမီးအရင်းဖြစ်သူ ဒေါ်ကြူလင်ရှင်းလည်း ပါဝင်သည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အဓိကစဉ်းစားရမည့်အချက်မှာ ထိုသို့ အကျိုးခံစားရာတွင် ဒေါ်လီလီဝင်းအနေဖြင့် ဥပဒေကို ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိသာဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဝေဖန်ဆန်းစစ်ခဲ့သည်။ သက်သေခံ(ဂ)အဖြစ် တင်ပြထားသော ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က မန္တလေးတိုင်းတရားရုံး၏ ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၁ တွင် သက်သေအဖြစ် တရားရုံးချုပ်ရှေ့နေ ဦးအောင်မြင့်၏ ထွက်ဆိုချက်အရ သက်သေခံ(ဈ) အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်နှင့် သက်သေခံ(ည) ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် ၎င်းထံသို့ ဒေါ်ဟောင်ကောနှင့် သမီးဖြစ်သူ ဒေါ်ကြူလင်ရှင်း၊ ချွေးမဖြစ်သူ ဒေါ်လီလီဝင်းတို့ လာရောက်အပ်နှံပြီး ဒေါ်ဟောင်ကောနှင့် ဒေါ်ကြူလင်ရှင်းတို့သည် မြန်မာစကားကို ကောင်းစွာပြောဆိုနားလည်ကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက အသေးစိတ်ရှင်းပြခြင်းကို ကောင်းစွာနားလည်သဘောပေါက်ကြကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအနေဖြင့် စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုရာတွင် ပါဝင်သူတို့က နားလည်သဘောပေါက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ လွတ်လပ်သောသဘောဆန္ဒဖြင့် မဟုတ်လျှင်သော်လည်းကောင်း ချုပ်ဆိုပေးလိမ့်မည်မဟုတ်ကြောင်း၊ ချုပ်ဆိုသောစာချုပ်များတွင် ပါဝင်သောကာယကံရှင်များ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ဟု အထူးအယူခံခုံရုံးက ဝေဖန်စိစစ်သုံးသပ်ခဲ့သည်။

ဒေါ်လီလီဝင်းက စာချုပ်များချုပ်ဆိုရာတွင် ပါဝင်သည်ဆိုခြင်းမှာ ပေးကမ်းခြင်းကို လက်ခံသူအနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှုဖြစ်စဉ်အရ အဓိကအကျဆုံးမှာ ပေးကမ်းမည့်သူဖြစ်သည့် ဒေါ်ဟောင်ကောသည် အဓိကဆုံးဖြတ်ဆောင်ရွက်သူဖြစ်ကြောင်း၊ ဒေါ်ဟောင်ကော၏ လွတ်လပ်သောသဘောဆန္ဒအလျောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးကြူရွှင်ကျန်း သေဆုံးခြင်းမှာ အမှန်ဖြစ်ပြီး အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ပြုလုပ်သူမှာလည်း ဦးကြူရွှင်ကျန်း၏ ဇနီးဖြစ်သူ ဒေါ်ဟောင်ကောဖြစ်ကြောင်း၊ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၊ ပေးကမ်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးအပ်ခဲ့ခြင်းမှာ ဒေါ်ဟောင်ကော၏ လွတ်လပ်သောသဘောဆန္ဒမပါဘဲ ဆောင်ရွက်ရန်မှာ မဖြစ်နိုင်ကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။

ဒေါ်ဟောင်ကောအနေဖြင့် ပေးကမ်းခြင်းသည် သမီးအရင်းဖြစ်သူ ဒေါ်ကြူလင်ရှင်းကို ပေးကမ်းခြင်းလည်းပါဝင်ပြီး တစ်ဖက်တွင် ချွေးမဖြစ်သူ ဒေါ်လီလီဝင်းကို ပေးကမ်းခြင်းမှာ သားဖြစ်သူ၏အစု (ဒေါ်လီလီဝင်း၏ခင်ပွန်းရရန်ရှိသောအစု)အတွက် လက်ခံရယူထားရန်ဖြစ်သည်ဟု ဒေါ်လီလီဝင်း၏ထွက်ဆိုချက်ကိုလည်း ဂရုပြုရန်ရှိကြောင်း **"ဒေါ်ဟောင်ကောက ၎င်း၏လွတ်လပ်သော သဘောဆန္ဒဖြင့် ပေးကမ်းခဲ့ခြင်းအပေါ် လက်ခံရယူသည့် ဒေါ်လီလီဝင်းသည် ဥပဒေကိုချိုးဖောက်သည်ဟုကောက်ယူရန် အထောက်အထား မတွေ့ရှိရကြောင်း"** အထူးအယူခံခုံရုံးက တိကျခိုင်မာစွာ စိစစ်သုံးသပ်ခဲ့ပါသည်။

ရာဇသတ်ကြီးပုဒ်မ-၄၇၁ တွင် "မည်သူမဆို လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားဖြစ်ကြောင်း မိမိသိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်း ယုံကြည်ရန် မိမိ၌ အကြောင်းရှိလျက်နှင့်သော်လည်းကောင်း **"ထိုစာတမ်းအမှတ်အသားကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လိုသောသဘောဖြင့်ဖြစ်စေ၊ အစစ်အမှန်အနေဖြင့်သုံးလျှင် ထိုစာတမ်းအမှတ်အသားကို မိမိကိုယ်တိုင်လိမ်လည်အတုပြုဘိသကဲ့သို့ ထိုသူအားပြစ်ဒဏ်ချမှတ်ရမည်"**ဟု ပြဋ္ဌာန်းထားသည်။

**ရာဇသတ်ကြီးပုဒ်မ-၄၇၁ သည် ၎င်းပုဒ်မတစ်ခုတည်း သီးခြားရပ်တည်နိုင်ခြင်းမရှိဘဲ ပြဋ္ဌာန်းထားသည့် ရာဇသတ်ကြီးပုဒ်မ-၄၆၅၊ ၄၆၆၊ ၄၆၈ တို့အပေါ်တည်မှီ၍ ဆင့်ပွားသောပုဒ်မသာဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခုအမှုတွင် ဒေါ်လီလီဝင်းသည် ရာဇသတ်ကြီးပုဒ်မ-၄၆၈ ကို ကျူးလွန်ကြောင်း မထင်ရှားသည့်အခြေအနေတွင် ၎င်းမှဆင့်ပွားလာသော ရာဇသတ်ကြီးပုဒ်မ-၄၇၁ ကို ကျူးလွန်ကြောင်း သုံးသပ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် **"တရားခံ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၆၈၊ ၄၇၁ အရ စွဲဆိုမှုတွင် ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က အမှုမှ အပြတ်လွှတ်ခဲ့သောအမိန့်များကို ပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ-၄၇၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် အမှုတွဲပေါ်ပေါက်ချက်များအရ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိကြောင်း ဖြေကြားခဲ့ပါသည်။**

ထို့ကြောင့် အထူးအယူခံမှုကိုခွင့်ပြုပြီး အယူခံတရားလို ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၇၁ အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ ပေးဆောင်စေရန် မဆောင်ပျက်ကွက်က ထောင်ဒဏ်ခြောက်လကျခံစေရန် ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်လီလီဝင်းအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည့် ချမ်းအေးသာစံမြို့နယ်တရားရုံးအမိန့်နှင့် ၎င်းအမိန့်ကို ဆက်လက်အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်တို့ကို ပြန်လည်အတည်ပြုလိုက်ပြီး ဒဏ်ငွေပေးဆောင်ပြီးဖြစ်ပါက ဒေါ်လီလီဝင်းသို့ ပြန်လည်ထုတ်ပေးစေရမည်ဟု အမိန့်ချမှတ်ခဲ့ပါသည်။ ဒေါ်လီလီဝင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ် ရာဇဝတ်အထူးအယူခံမှုအမှတ်-၅ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ကော့ကရိတ်မြို့နယ် ကော့ထောခိုကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အိမ်အရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့ကရိတ် စက်တင်ဘာ ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဝါလဲကျေးရွာအုပ်စု ကော့ထောခိုကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး ရေလုံလောက်စွာရရှိစေရေးအတွက် စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အိမ်အရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပေ ၃၃၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကော့ထောခိုကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပေ ၃၃၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၁ သန်းဖြင့် KSM ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပိုက်လိုင်းသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကော့ထောခိုကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ပဲဆီစစ်စစ်များ ဈေးကောင်းရရှိလာ



**ပုသိမ် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ပဲဆီစစ်စစ်များ ဈေးကောင်းရရှိလာကြောင်း ပုသိမ်မြို့ရှိ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်လဲ့လဲ့က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ပြီးခဲ့သည့် ဩဂုတ်လက ပဲဆီစစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ မှ ၁၀၅၀၀ ထိသာ ဈေးရှိခဲ့ပြီး လက်ရှိ စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ပဲဆီစစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၁၄၇၀၀ ထိ ဈေးကောင်းလာကြောင်း၊ အဆိုပါပဲဆီများ ဈေးကောင်းရရှိလာခြင်းသည် ဒေသတွင် ပဲဆီများ လှိုင်လှိုင် မထွက်လာသေးခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု စက်တင်ဘာလအတွင်းမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းတွေ ပြန်လည်ကျဆင်းလာပါတယ်။ ကျဆင်းခဲ့တဲ့ ပဲဆီဈေးကတော့ ပြန်တက်လာတယ်။ အနည်းအငယ်သာ ပြန်တက်လာတာပါ။ လက်ရှိ ပဲဆီစစ်စစ် တစ်ပိဿာကို ငွေကျပ် ၁၄၇၀၀ ထိ ဈေးပေါက်လာပါတယ်။ ပဲဆီဈေးပြန်ကောင်းလာရတဲ့ အချက်ကတော့ ဒေသထွက်မြေပဲတွေ လှိုင်လှိုင်မပေါ်သေးတာကြောင့်ပါ။ မြေပဲတွေမပေါ်သေးတော့ ဆုံဆီစစ်စစ်တွေ ကြိတ်ခွဲထုတ်လုပ်မရောင်းချလာနိုင်သေးလို့ဖြစ်ပါတယ်။ ဒေသထွက်ပဲဆီတွေက ကျန်းမာရေးနဲ့ညီညွတ်ပြီး ရောဂါအန္တရာယ်ကင်းရှင်းစေပါတယ်။ ဆီအရောင်းအဝယ်ကတော့ ပုံမှန်ရှိနေပါတယ်"ဟု ပုသိမ်မြို့ရှိ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဒေသထွက်ပဲဆီများ ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိသည့်အပြင် အခြားဒေသများက ပဲဆီစစ်စစ်များလည်း ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ကျန်းမာရေးနှင့်ညီညွတ်ကောင်းမွန်သည့် ပဲဆီစစ်စစ်ဈေးနှုန်းသည် ပြည်ပနိုင်ငံများမှ တင်သွင်းရသည့် စားအုန်းဆီဈေးနှုန်းနှင့် ကွာခြားမှုမရှိတော့သဖြင့် ပဲဆီစစ်စစ်ကိုသာ စားသုံးသူများပြားလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လိုက် စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် လောင်းကောင်းကျေးရွာအုပ်စု လောင်းကောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေများ လေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များနှင့်အတူ ချေးငွေများထုတ်ချေးပေးမှုကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

လောင်းကောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၉၂ ဦးကို ငွေကျပ် ၃၄၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားခြောက်ဦးကို ငွေကျပ် ၂၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား ငါးဦးကို ငွေကျပ် ၂၂ သိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၁၄ သိန်း စုစုပေါင်း အသင်းသား ၁၀၉ ဦးကို ငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ (၈) ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်ဖောင်းနယ်မြေ(၈) ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ရွာတွင်းလမ်းမကြီး အရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေရှိ သဲကျောက်အမြင့် ခြောက်လက်မ အမာခံခင်း၍ ကွန်ကရစ်အမြင့် ခုနစ်လက်မခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မော်ဖောင်းနယ်မြေ(၈) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၆၁ ဒသမ ၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ (၈) ကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**အေးသူ**



# သရက်ချောင်းမြို့နယ် ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သရက်ချောင်း စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၆ ဒသမ ၇ သိန်း ထုတ်ချေးပေးထားကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# တောင်တွင်းကြီးမြို့နယ် ချင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ချင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ချင်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ချင်ကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် ၃၈ ဒသမ ၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တရုတ် EVကားဈေးကွက်ကို ထိန်းချုပ်ရန်ပြင်ဆင်နေသောဥရောပ

**ဝင်းဇင်(သုတေသန)**

တရုတ်နိုင်ငံရှိ လျှပ်စစ်သုံးမော်တော်ယာဉ် (EV) ထုတ်လုပ်သူများသည် ဥရောပသမဂ္ဂ(EU)အနေဖြင့် တရုတ်လျှပ်စစ်သုံးမော်တော်ယာဉ် (EV)များအပေါ် အစိုးရများ၏ထောက်ပံ့ကြေးပေးနေမှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားပြီးနောက် အခွန်စည်းကြပ်မှုတိုးမြှင့် ကောက်ခံလာမည်ဆိုလျှင် ဈေးကွက်သစ်ပြောင်းလဲရှာဖွေသွားရန်လိုအပ်လာပြီး လာမည့်နှစ်များတွင် အခြားသောလမ်းကြောင်းမှတစ်ဆင့် EU သို့ တင်ပို့သွားရတော့မည်ဖြစ်သည်။

EU က မကြာသေးမီနှစ်များအတွင်း အစိုးရ၏အထောက်အပံ့များသည် တရုတ် EV ထုတ်လုပ်သူများကို ဥရောပ၌ ဈေးကွက်အစုရှယ်ယာများရရှိရေးအတွက် အထောက်အကူဖြစ်စေခဲ့သလားဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ ၁၃ လကြာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်က EU အနေဖြင့် တရုတ်နိုင်ငံကို ဆိုလာပြားများထုတ်လုပ်စဉ်ကကဲ့သို့ EV ကဏ္ဍတွင်လည်း လွှမ်းမိုးချုပ်ကိုင်ခွင့်မပြုသင့်ကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဆိုလာပြားဈေးကွက်ကို ၈၀ ရာခိုင်နှုန်းခန့် ထိန်းချုပ်ထားပြီးဖြစ်ကြောင်း မေလအတွင်းက သတိပေးပြောကြားခဲ့ပြီးနောက်ပိုင်း EU ၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

EU အနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် တရုတ် EVများအပေါ် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံသွားဖွယ်ရာရှိကြောင်း၊ အမှန်တော့ EU သည် မကြာသေးမီက အစိုးရထောက်ပံ့မှုများလျှော့ချပြီး စည်းကြပ်ခွန်များတိုးမြှင့်ကောက်ခံနေပြီဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် တရုတ် EV ကုမ္ပဏီကြီးများကို ဖိအားဖြစ်စေသော်လည်း ဥရောပ EV ကုမ္ပဏီများကို ထုတ်လုပ်မှုတိုးမြှင့်သွားစေနိုင်မလားဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရှိရသေးကြောင်း၊ မည်သို့ပင်ဆိုစေ တရုတ် EV ထုတ်လုပ်သူများနှင့် အပိုပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သူများသည် ဥရောပဒေသတွင် အခွန်စည်းကြပ်တိုးမြှင့်ကောက်ခံလာမှုကို ရှောင်ရှားနိုင်မည့် ရောင်းချဖြန့်ဖြူးနိုင်သောဈေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှုဈေးကွက်တို့ကို ရှာဖွေသွားနိုင်မည်ဖြစ်သည်။

ပေကျင်းအခြေစိုက် ဥပဒေအကျိုးဆောင်ကုမ္ပဏီကြီးတစ်ခုက EU အနေဖြင့် အစိုးရထောက်ပံ့မှုလျှော့ချရေးကာလကို ၁၃ လကြာ သတ်မှတ်စုံစမ်းလျက်ရှိသော်လည်း စုံစမ်းရေးမှူးများအနေဖြင့် ထိုကာလထက် ပိုမိုဆောလျင်စွာပြီးစီးနိုင်ကြောင်း၊ ထို့ကြောင့် တရုတ်၏ EV ထုတ်လုပ်သူများအနေဖြင့် အရောင်းဈေးကွက်သစ်ရှာဖွေနိုင်ရေးအတွက် အချိန်သိပ်မရှိတော့ကြောင်း အကြံပြုပြောကြားသွားခဲ့သည်။

EU အနေဖြင့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပြီးစီးသည်နှင့် EV များအပေါ် စည်းကြပ်ခွန်များ ကောက်ခံလာနိုင်သဖြင့် တရုတ် EV ထုတ်လုပ်သူများအတွက် ဖိအားဖြစ်လာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ် EV များသည် ဥရောပ၌ ၁၀ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတွင် ၂၇ ဒသမ ၅ ရာခိုင်နှုန်း ဈေးကွက်အသီးသီးရရှိလျက်ရှိသည်။

၂၀၂၃ ခုနှစ် ပထမ ခုနစ်လတာအတွင်း BYD၊ Nio နှင့် Xpenx အပါအဝင် တရုတ် EV ထုတ်လုပ်သူများသည် ဥရောပသို့ EV အစီးရေ ၈၂၀၀၀ ထိ ရောင်းချနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူကာလကထက် ၅၅ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့သည်။ တရုတ် EV ထုတ်လုပ်သူများ၏ ဥရောပဈေးကွက်အစုရှယ်ယာသည် ၂၀၂၀ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းသာရှိခဲ့ရာမှ



ယခုနှစ်တွင် ၁၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ လက်ရှိနှုန်းထားအတိုင်း ဆက်သွားမည်ဆိုလျှင် ဥရောပတွင် ရောင်းချလျက်ရှိသော တရုတ် EV ထုတ်လုပ်သူများ၏ ဈေးကွက်အစုရှယ်ယာသည် ၂၀၂၅ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားသွားခဲ့သည်။

ပြင်သစ်ကားထုတ်လုပ်ရေး အတိုင်ပင်ခံလုပ်ငန်းအဖွဲ့ Inovev က EV ဈေးကွက်တစ်ခုတည်းသာဆိုလျှင် ဥရောပရှိ တရုတ် EV ထုတ်လုပ်သူများ၏ ဈေးကွက်အစုရှယ်ယာသည် ၂၀၂၀ ခုနှစ်တွင် လေးရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ် ခုနစ်လတာကာလအတွင်း ရှစ်ရာခိုင်နှုန်းခန့်သာရှိကြောင်း ဖော်ပြထားသည်။ သို့သော် EV များဖြင့် အပြည့်အဝ လည်ပတ်လုပ်ကိုင်လာသည့်အချိန်တွင် နှစ်စဉ် EV အစီးရေ ၇၂၅၀၀၀ ထိ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ်တွင် ဈေးကွက်အစုရှယ်ယာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်လာဖွယ်ရာရှိကြောင်း Inovev က ခန့်မှန်းတွက်ချက်ထားသည်။ ၂၀၂၂ ခုနှစ်အတွင်း ဥရောပရှိနိုင်ငံများသို့ တရုတ်၏ EV များတင်ပို့မှုမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ အစီးရေ ၁၉၈၀၀၀၊ ဗြိတိန်သို့ အစီးရေ ၁၀၉၀၀၀ နှင့် ဆလိုဗေးနီးယားသို့ အစီးရေ ၄၇၀၀၀ ဖြစ်သည်။

တရုတ်လျှပ်စစ်သုံးမော်တော်ယာဉ်များအပေါ် အစိုးရအထောက်အပံ့များလျှော့ချရေးအစီအမံဆောင်ရွက်သွားမည့် EU ၏ဆုံးဖြတ်ချက်ကို ပြင်သစ်နှင့် ဂျာမနီနှစ်နိုင်ငံစလုံးက ကြိုဆိုထောက်ခံခဲ့ကြသည်။ ပြင်သစ်စီးပွားရေးဝန်ကြီးက အစိုးရအထောက်အပံ့နှင့်ဆောင်ရွက်သော EV များဖြင့် မိမိတို့ဈေးကွက်ကို လွှမ်းမိုးမှုမခံနိုင်ကြောင်း၊ ထိုသို့လွှမ်းမိုးလာမည်ဆိုလျှင် ဆိုလာပြားဈေးကွက်ကဲ့သို့ပင် မိမိတို့ကုမ္ပဏီများကို ခြိမ်းခြောက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း ပြောကြားသွားခဲ့သည်။ ဂျာမနီစီးပွားရေးဝန်ကြီးကလည်း ဥရောပဈေးကွက်၌ ဈေးနှုန်းချိုသာသော EV များ ဆက်လက်ရောင်းချနေမည်ဆိုလျှင် မမျှတသောယှဉ်ပြိုင်မှုကိုသာဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လွတ်လပ်စွာယှဉ်ပြိုင်မှုစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုများရှိလာမည်ဆိုလျှင် EU မှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနကမူ EU ၏ လုပ်ဆောင်မှုသည် ကမ္ဘာလုံးဆိုင်ရာမော်တော်ကားလုပ်ငန်းအရောင်းကွင်းဆက်ကို အလွန်အမင်းဟန့်တားနှောင့်ယှက်မှုဖြစ်စေသော ကိုယ်ကျိုးစီးပွားကာကွယ်သည့်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်မှုများနှင့်ပြီးပြည့်စုံသော စက်မှုလုပ်ငန်းဆိုင်ရာအရောင်းဖြန့်ဖြူးမှုကွင်းဆက်တို့ကြောင့် တရုတ်၏ EV စက်မှုလုပ်ငန်းသည် ဆက်လက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ပြောကြားသွားခဲ့သည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီ(IEA)အဆိုအရ EV အသစ်ရောင်းချမှုသည် ၂၀၂၂ ခုနှစ်တွင် အစီးရေ ၁၀ သန်းကျော်လွန်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁၄ သန်းခန့်ထိရှိလာမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ရောင်းချခဲ့သော မော်တော်ကားများအနက် EV အရေအတွက်သည် ငါးရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ကိုးရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းထိရှိလာခဲ့ကြောင်း သိရှိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းအသုံးပြုနေသော လျှပ်စစ်ကားအားလုံး၏ ၅၈ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံထုတ် EV များဖြစ်သည်။ ၂၀၂၃ ခုနှစ် ပထမ ရှစ်လတာကာလအတွင်း တရုတ်နိုင်ငံတွင် EV များ လက်ကားရောင်းချမှုသည် ၃၆ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ပြီး အစီးရေ ၄ ဒသမ ၄၄ သန်းထိရှိခဲ့ကြောင်း တရုတ်ခရီးသည်တင်မော်တော်ယာဉ်များအသင်း (CPCA)က ထုတ်ပြန်သွားခဲ့သည်။

သို့သော် တရုတ်နိုင်ငံတွင်း၌ EV မှာယူမှုအရှိန်ရပ်တန့်သွားသလို နိုင်ငံတကာဝယ်လိုအားမှာလည်း အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ငွေကြေးဖောင်းပွမှုလျှော့ချရေးဥပဒေ(IRA) စတင်ကျင့်သုံးမှုနှင့်အတူ အမေရိကန်သည် လျှပ်စစ်ဘက်ထရီများနှင့် EV များတင်သွင်းမှုလျှော့ချခြင်းအပါအဝင် စွမ်းအင်အသွင်ကူးပြောင်းမှုအတွက် တရုတ်နိုင်ငံအပေါ် မှီခိုအားထားနေရမှုကို လျှော့ချသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ပြင်သစ်သမ္မတမက်ခရွန်က ဥရောပတွင်လည်း တရုတ် EV များအပေါ် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံရန် တောင်းဆိုလျက်ရှိသောကြောင့် အရေးယူလုပ်ဆောင်ရေးအတွက် ဖိအားများရှိလာသည်။ လက်ရှိအချိန်တွင် EU သည် တရုတ် EV ဘက်ထရီများနှင့်အစိတ်အပိုင်းများအပေါ် လုံးလုံးလျားလျားမှီခိုနေရသည်ကို သိရှိလာပြီဖြစ်သည့်အတွက် မူဝါဒချမှတ်သူများကို တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုများလျှော့ချနိုင်ရေး၊ အရေးပါသောကုန်ကြမ်းများရရှိရေးအပါအဝင် စက်မှုဆိုင်ရာမူဝါဒများနှင့် ကုန်သွယ်မှုသဘောတူညီချက်အသစ်များ အကောင်အထည်ဖော်ရန် ဖိအားဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် တရုတ် EV ထုတ်လုပ်သူများအနေဖြင့် နိုင်ငံတကာဈေးကွက်ချဲ့ထွင်ရာတွင် အကျပ်အတည်းများရှိလာနိုင်ပေသည်။ အထူးသဖြင့် အနောက်နိုင်ငံများတွင် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများနှင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့်လုပ်ငန်းများမှာလည်း ပိုမိုသိမ်မွေ့ရှုပ်ထွေးလာဖွယ်ရာရှိနေသည်။

**ကိုးကား**

- **Trade War, tech war, chip war … EV war? by Asia Times.**

# မောက်မယ်မြို့နယ် ဝမ်နားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မောက်မယ် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်နားကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဝမ်နားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့် တစ်ပေ မြေသားခင်းခြင်း၊ လမ်းအကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မ သဲဖြန့်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မောက်မယ်မြို့နယ် ဝမ်နားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် ၃၁ ဒသမ ၆၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် သန်းမြတ်စံကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့်



ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဝမ်နားကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**မင်းမြင့်မိုရ်**






## MANDALAY GRAND PREMIER CO.,LTD

### တွင် တာဝန်ထမ်းဆောင်ရန် လုံခြုံရေးဝန်ထမ်းအလိုရှိသည်

(က) အသက် (၃၀)နှစ်အောက် အမျိုးသား။
(ခ) ကွမ်း၊ဆေးလိပ်၊အရက်သေစာ သောက်စားသူမဖြစ်စေရ။
(ဂ) နေ့၊ ည အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရပါမည်။
(ဃ) တစ်ပတ်တစ်ရက် နားရက်ရှိသည်။
(င) လစာ(၂၈၀၀၀၀)နှစ်သိန်းရှစ်သောင်းကျပ်၊ တစ်နှစ်ပြည့်ပြီးပါက နေ့စဉ် ထမင်းဖိုး (၂၅၀၀)ကျပ် ခံစားခွင့်ရှိပါသည်။

အထက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူသည် ကိုယ်ရေးရာဇဝင် အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ကုမ္ပဏီရှိရာ အကွက်အမှတ်(H-၂၄၈)၊ ကနောင်မင်းသားကြီးလမ်း (၁၃၉)လမ်း၊(၄၉)လမ်းနှင့်(၅၀)လမ်းကြား၊စက်မှုဇုန်(၂)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။



### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက (မြစ်ငယ်)၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်မင်းထိုက် ၏မိဘအမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းလွင်-ဒေါ်နန်းခမ်းဆွေ ဖြစ်ပါကြောင်း။

ဦးမင်းလွင်(၉/ မခန(နိုင်)၁၅၉၇၉၈)
ဒေါ်နန်းခမ်းဆွေ(၁၃/ လရန(နိုင်)၁၃၈၆၇၁)



### ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မောင်လင်းထက်စိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းသိန်းဦး ဖြစ်ပါကြောင်း။

ဦးမင်းသိန်းဦး(၇/ ကဝန(နိုင်)၀၁၁၇၂၁)



### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-6 (ဇွန်)ခန်းတွင် ပညာသင်ကြားနေသော မအိဖြိုးဟန် နှင့် အမက(၆)Grade-2မှ မောင်ထက်ဝေလျှံ တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောစမ်းစမ် ဖြစ်ပါကြောင်း။

ဦးစောစမ်းစမ်(၉/ ကဆန(နိုင်)၁၂၈၅၇၈)



### ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မသဲသဲဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးဇော်ဦး ဖြစ်ပါကြောင်း။

ဦးဖိုးဇော်ဦး(၉/ ကဆန(နိုင်)၁၄၉၆၃၆)



### ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ ရွာမကျေးရွာနေ မနိုင်သစင်ဦး(ဘ)ဦးညာဏ်ဝင်း(၈/ ပခက(နိုင်)၂၇၀၃၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-452998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၁၃၃၁၃၇၀၇


## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

### “အဂတိပယ်ခွာ ပြည်သာယာ”
### Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထား ဆောင်ရွက်ရမည့် အချက်(၄)ချက်ဖြစ်သည့် လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက် (International Supply Chain)ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင်ပြုလုပ်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးနှင့် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




**မန္တလေး စက်တင်ဘာ ၂၆**

၂၀၂၃ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီးနှင့် မြို့နယ်ပေါင်းစုံအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဇထူးမိုးလုံလေလုံအားကစားခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကာ ဗိုလ်လုပွဲ၌ ပြင်ဦးလွင်မြို့နယ်အသင်းနှင့် ချမ်းအေးသာစံမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ** *စာမျက်နှာ - ၂၀*

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်** *စာမျက်နှာ - ၁၉*

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့မွန်းလွဲ ၂ နာရီ တိုင်းထွာချက်များအရ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌ ခြောက်ပေမှ ကိုးပေခန့်နှင့်ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဓလ)**

Internet & Mobile Banking Services

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

24 ~ (01) 2301421, (01) 2317166

- Account Transfer
- Mobile Topup ( Phone Bill )
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment

"မှန်သည် မြန်သည် မြဲတီ"

MPU

Phone No : (01) 2301367, 2301368, 2301452, 2301378